# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၅၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၀ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၂) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊

(၃) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၄) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁ ရက်နှင့်

(၅) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နယ်စပ်ဒေသများ၌ တိုက်ပွဲများဖြစ်နေခြင်းကြောင့် စစ်ရှောင်ဒုက္ခသည်များအတွက် မည်သို့ ဆောင်ရွက်ပေးနေကြောင်းနှင့် တိုက်ပွဲများဖြစ်နေကြသော နှစ်ဖက်လက်နက်ကိုင်အဖွဲ့အကြီးအကဲများ ထံသို့ ညှိနှိုင်းဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် မေးမြန်းဖို့ ဖြစ်ပါ တယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည် တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ် ဖြစ်ပါတယ်။ ဒီမေးခွန်းက ပထမပုံမှန်အစည်းအဝေးကာလမှာ မေးမြန်းထားတဲ့ မေးခွန်းတော့ဟုတ်ပါတယ်။ ဒါပေမဲ့ အခုမှ မေးခွင့်ရတဲ့အတွက်ကြောင့် အားလုံး နားလည်ပေးဖို့ ကြိုတင်အသိပေးအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား အောက်ပါအချက်အလက်များ တင်ပြရင်း မေးခွန်းများမေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ နယ်စပ် ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများ၌ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် ဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပေးထားကြောင်း နားလည်သိရှိရပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ရေးရာဝန်ကြီးဌာန သည် တစ်ဖက်တစ်လမ်းမှ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ဖွံ့ဖြိုး တိုးတက်မှုကို ကူညီပံ့ပိုးပေးရန်၊ တိုင်းရင်းသားလူမျိုးများအချင်းချင်း ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊ တိုင်းရင်းသားနယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါးစိုက်ပျိုးမှု ချုပ်ငြိမ်းစေရန် သက်ဆိုင်ရာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေ အေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်၊ ၎င်းအပြင် ဝန်ကြီးဌာနသည် နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ၏ ကြုံတွေ့ခံစားနေရသည့် ဒုက္ခပြဿနာများကိုလည်း အတတ်နိုင်ဆုံးပါဝင်ကူညီဖြေရှင်း ပေးရန် စသည့်တာဝန်များ ရှိနေကြောင်း သိရှိရသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများ၌ ယနေ့ထက်ထိတိုင် တိုက်ပွဲများဖြစ်ပွားနေဆဲ၊ ယင်းတိုက်ပွဲကြောင့် တိမ်းရှောင်ထွက်ပြေးနေကြရသည့် စစ်ရှောင်ဒုက္ခသည် များအတွက် မည်ကဲ့သို့ ပံ့ပိုးကူညီဆောင်ရွက်နေပါကြောင်း၊ မေးခွန်း(၂) ကတော့

နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများ၌ နှစ်ဖက်လက်ကိုင်အဖွဲ့များ မကြာခဏ တိုက်ပွဲများသာဖြစ်နေကြခြင်းကြောင့် မိမိဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများအားလုပ်ဆောင်ရန် အဟန့်အတားများ ဖြစ်နေခြင်းအပေါ် ဝန်ကြီးတို့အနေဖြင့် နှစ်ဖက်လက်နက်ကိုင်အဖွဲ့အကြီးအကဲများ ထံသို့သွား၍ ညှိနှိုင်းခြင်းမျိုး ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း၊ အကယ်၍ မရှိပါက ဘာကြောင့်ဆို တာကို ဖြေကြားပေးစေလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဝန်ကြီးအား မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ရဲ့မေးမြန်းချက်ပါ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများ၌ တိုက်ပွဲ များဖြစ်ပွားနေခြင်းကြောင့် စစ်ရှောင်ဒုက္ခသည်များအတွက် မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနေ ကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်အတွင်းမှာ ၂၀၁၁ ခုနှစ် ဇွန်လကနေစပြီးတော့ ပဋိပက္ခများ ဖြစ်ပွားခဲ့ပါတယ်။ နယ်မြေလုံခြုံရေးအရ စစ်ရှောင်ဒုက္ခသည်မိသားစုများအတွက် မြစ်ကြီးနား၊ ဝိုင်းမော်၊ ကန်ပိုက်တီး၊ ချီဖွေ၊ ပန်ဝါ၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ကာမိုင်း၊ ဗန်းမော်၊ မိုးမောက်၊ လွယ်ဂျယ်၊ မန်စီ၊ ရွှေကူ၊ ဒေါ့ဖုန်းယန်၊ ပူတာအို၊ ဆွမ်ဘရာဘွမ်ဒေသများမှာ ၂၀၁၆ ခုနှစ် ဇွန်လအထိ စုစုပေါင်း ကယ်ဆယ်ရေးစခန်း ၉၄ ခု ဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါကယ်ဆယ်ရေးစခန်းများ မှာ အိမ်ထောင်စုအနေနဲ့ ၈၀၉၈ စု စုစုပေါင်းရွှေ့ပြောင်းနေထိုင်သည့်လူဦးရေ ၃၉၃၇၆ ဦးရှိကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့တင်ပြချက်အရ သိရှိရပါတယ်။ အဆိုပါ ကချင်ပြည်နယ်အတွင်း နယ်မြေ လုံခြုံရေးအရ ရွှေ့ပြောင်းနေထိုင်ကြတဲ့ အိမ်ထောင်စုများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ လိုအပ်တဲ့ ထောက်ပံ့ကူညီမှုများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ထောင်စုအစိုးရအနေ ဖြင့် ပဋိပက္ခများစတင်ဖြစ်ပွားခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ ဇွန်လကနေစပြီးတော့ ခေတ္တတိမ်းရှောင်မိသားစုများ

သို့ ကယ်ဆယ်ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာမှာ ၂၀၁၆ ခုနှစ် မေလအထိ စားဝတ်နေရေးအတွက် လတ်တလောထောက်ပံ့ငွေကျပ် ၃၀၈၃.၆၀၅ သန်းနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၁၅၁၃၀.၅၁၁ သန်း ထောက်ပံ့ဆောင်ရွက်ခဲ့တဲ့အနက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ တိမ်းရှောင်လာတဲ့မိသားစုများကို ပစ္စည်းနှင့်ငွေသား ထောက်ပံ့ငွေကျပ် ၁၇၈.၁၃၆ သန်းကို ထောက်ပံ့ပေးခဲ့ပါတယ်။ ထို့အပြင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ ၂၀၁၁ ခုနှစ် ဩဂုတ်လမှစတင်ပြီး ၂၀၁၆ ခုနှစ် မေလအထိ စုစုပေါင်း ရိက္ခာဆန် ၈၂၅၀၄.၈၃၂ တန်၊ ဆီ ၅၂၀၁.၁၆၅၆ တန်၊ ပဲ ၁၁၂၀၇.၈၉၈၆ တန်၊ ဆား ၉၁၂.၁၇၅ တန်၊ အာဟာရမှုန့် ၆၁.၅၆၇ တန်၊ အားဖြည့်ဘီစကစ် ၁၅.၇၉၁ တန်တို့အား ဖြန့်ဝေထောက်ပံ့ခဲ့ပြီး ဖြစ်ပါတယ်။

အလားတူ တရုတ်နိုင်ငံနယ်စပ်ကယ်ဆယ်ရေးခစန်းများသို့လည်း နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ကမ္ဘာ့ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာကိစ္စရပ်များပေါင်းစပ် ညှိနှိုင်းရေးရုံး (UNOCHA)မှ ၂၀၁၂ ခုနှစ် ဇွန်လမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ စုစုပေါင်း ရိက္ခာဆန် ၅၇၄.၇၄ တန်၊ ဆီ ၅၉.၆၆၅ တန်၊ ပဲ ၃၃၆.၃၄၈ တန်၊ ဆား ၂၄.၃၈၅ တန်၊ အာဟာရမှုန့် ၁၇.၇၃ တန်တို့ကို ဖြန့်ဝေထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးမြန်းချက်ပါ တိုက်ပွဲများဖြစ်နေကြသော နှစ်ဖက်လက်နက်ကိုင်အဖွဲ့အကြီးအကဲများထံသို့ ဝန်ကြီးတို့အနေဖြင့် ညှိနှိုင်းကူညီဖြေရှင်းပေးခြင်းမျိုး ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လိုအပ်တဲ့မူဝါဒများချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ၁၁-၇-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊(၅၀/၂၀၁၆)ဖြင့် ထုတ်ပြန်ခဲ့တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီသည် လုပ်ငန်းတာဝန်များကို ချမှတ်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး

**မူကြမ်း**

ညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပသွားမည်ဖြစ်ရာ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်နိုင်ရန် နိုင်ငံတော်သမ္မတရုံးမှ ၃၁-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊(၂၆/၂၀၁၆)ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအကြို ပြင်ဆင်ရေးကော်မတီကို စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာတင်မျိုးဝင်းမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် တစ်နိုင်ငံလုံး ပတ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူ စာချုပ်(NCA) လက်မှတ်ရေးထိုးတဲ့အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)ကိုလည်းကောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း မပြုရသေးသော အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) အကြိုပြင်ဆင် ရေးဆပ်ကော်မတီ(၂)ကိုလည်းကောင်း ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်အခုလို နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကနေ ဖြေကြားပေးတာ ကြားရတဲ့ အတွက်ကြောင့် အထူးပဲ ဝမ်းသာပါတယ်။ ဆက်လက်ပြီး တင်ပြလိုတဲ့အချက်ကတော့ ဝန်ကြီးတင်ပြတဲ့အထဲမှာ ကျွန်တော်တို့ ကချင်ပြည်နယ်သာမက တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ စစ်ရှောင်တွေတော်တော် များများရှိတဲ့အထဲမှာ ကချင်ပြည်နယ်ဘက်ကို ပံ့ပိုးတဲ့အကြောင်း ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်အထိ ပံ့ပိုးတာကို ကြားရတဲ့အတွက်ကြောင့် အထူးပဲကျေးဇူးတင်ရှိပါတယ်။ အခုလို ကျွန်တော်တို့ လွှတ်တော်နားတဲ့အချိန်မှာ ကျွန်တော်ကိုယ်တိုင် မြစ်ကြီးနားစစ်ရှောင်နဲ့ ဝိုင်းမော် စစ်ရှောင်တာဝန်ခံတွေနဲ့ ထိတွေ့တဲ့အချိန်မှာ အရင်ကတော့ ပံ့ပိုးတာရှိပါတယ်။ ဝန်ကြီးဖြေကြားတဲ့ အတိုင်း ဟုတ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်လောက်ကို စားဝတ် နေရေး၊ စားနပ်ရိက္ခာတွေ၊ နေရေးထိုင်ရေး တွေကို ပံ့ပိုးတာမှန်ပါတယ်။ ဒါပေမဲ့ အခု ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှစ်ပိုင်းဆိုင်ရာ နယ်စပ်ဒေသ ဝန်ကြီးဌာနရဲ့ပံ့ပိုးမှု အားနည်းနေတယ်ဆိုတာကို တင်ပြတဲ့ အတွက်ကြောင့် ဝန်ကြီးတို့အနေဖြင့်

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားဒေသတွေမှာ ခက်ခဲမှုရှိတဲ့ဟာကို ဝိုင်းဝန်းကူညီမှု တာဝန်ရှိတဲ့အနေအထားကို မြင်ရတဲ့အတွက်ကြောင့် ဆက်လက်ပြီး ကချင်ပြည်နယ်သာမက ရှမ်းပြည်နယ်၊ တစ်နိုင်ငံလုံးအတိုင်းအတာ စစ်ရှောင်နေတဲ့၊ အကြောင်း အမျိုးမျိုးကြောင့် စစ်ရှောင်ဒုက္ခရောက်နေတဲ့ဟာကို ဆက်လက်ပြီးပံ့ပိုးနိုင်ရန်အတွက်၊ နောက်ပြီး အခုနက ကျွန်တော်တင်ပြသလို တကယ်တမ်းလက်တွေ့မှာ စစ်ရှောင်တွေရဲ့ ဒုက္ခတွေကတော့၊ ကျွန်တော်တို့ ကိုယ်တိုင်တွေ့တဲ့လူတွေကတော့ တော်တော့်ကို ဒုက္ခရောက်နေပါတယ်။ အဲဒါကြောင့် ဝန်ကြီးကို တင်ပြလိုတာကတော့ ဆက်လက်ပြီး ဆတက်ထမ်းပိုး၊ သူတို့ရဲ့လိုအပ်ချက်လေးတွေကို စားဝတ်နေရေး၊ အဲဒီအဆောင်တွေကလည်း အရင်စဖြစ်တဲ့အချိန်မှာ ဆောက်ထားပေးတဲ့ အဆောင်၊ တချို့က မိုးကာတွေ၊ တချို့ကတော့ သွပ်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ အကာအရံလေးတွေက ဆွေးမြေ့ နေတဲ့အနေအထား ငါးနှစ်၊ ခြောက်နှစ်လောက် ရှိလာပါပြီ။ အဲဒီတော့ ဆက်လက်ပြီး ဝန်ကြီးအနေနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနဘတ်ဂျက်ကနေ ဆက်လက်ပြီး ပံ့ပိုးပေးဖို့သင့်ပါတယ်ဆိုတဲ့ဟာကို စစ်ရှောင် တွေရဲ့ လိုလားတောင့်တမှုကို ဒီနေရာကနေ ထပ်ဆင့် ကျွန်တော် ဝန်ကြီးကို တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဝန်ကြီး ဖြေပေးလိုက်ပါ။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ စားနပ်ရိက္ခာထောက်ပံ့ဖို့ကိုတော့ WFPနှင့် ၂၀၁၅ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးမှာ ထောက်ပံ့မှုတွေလုပ်ဖို့ ကျွန်တော်တို့ MOU ရေးထိုးထားပြီး ဖြစ်ပါတယ်။ နောက်ဆက်လက်ပြီး အစောက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ဥစ္စာတွေကိုလည်း ကျွန်တော်တို့ ကူညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါ တယ်။

**လေရှီးမြို့နယ်ရှိ ပန်ဆပ်၊ လေယုံ၊ ဆိုကင်းကျေးရွာ အ.မ.က ကျောင်းများအား ဆောက်လုပ်ခဲ့သည့် AMC ကုမ္ပဏီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ လုပ်ငန်းအာမခံစာချုပ် သတ်မှတ်အချိန်ကာလ မည်မျှချုပ်ဆိုထားပြီး ဆောက်လုပ်ပြီး တစ်နှစ်အတွင်း ပျက်စီးနေခြင်းနှင့်ပတ်သက်၍ မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါ လို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဌေးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အိန္ဒိယနိုင်ငံထောက်ပံ့ငွေဖြင့် ဆောင်ရွက် နေတဲ့ အိန္ဒိယ-မြန်မာချစ်ကြည်ရေးစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ မေးမြန်းလိုပါတယ်။ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ လမ်း၊ တံတားနှင့် ကျောင်းဆောင်များကို ၂၀၁၃ ခုနှစ်ကစပြီးတော့မှ အိန္ဒိယထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ လေရှီးမြို့နယ်မှာ ပထမအကြိမ်ထောက်ပံ့ငွေ အဖြစ် အ.မ.ကကျောင်းသုံးကျောင်းဆောက်လုပ်ခဲ့ပြီးတော့မှ တာဝန်ယူ ဆောင်ရွက်ခဲ့တဲ့အဖွဲ့အစည်း ကတော့ AMC ကုမ္ပဏီလို့ သိရှိရပါတယ်။ ဒါပေမဲ့လို့ အမှန်တကယ် ဆောက်လုပ်ခဲ့တာက စာရာမေရိအားမာန်နှင့်ရွှေညီအစ်ကိုများ ကုမ္ပဏီကနေပြီးတော့မှ ဆောက်လုပ်ခဲ့တာ တွေ့ရှိရပါတယ်။ ကျောင်းဆောင်တစ်ခုကို ခွင့်ပြုငွေကျပ် ၉၆.၇၉ သန်းဖြင့် တည်ဆောက်ခဲ့ပြီးတော့မှ ရန်ပုံငွေများသလောက် ဆောက်လုပ်ခဲ့တဲ့အရည်အသွေး မပြည့်မီတဲ့အတွက်ကြောင့်မို့လို့ တစ်နှစ်အတွင်းမှာပျက်စီးနေတာတွေကို တွေ့ရှိရပါတယ်။ ခွင့်ပြုငွေကို ကြည့်တဲ့အခါမှာ အဲဒီကာလတုန်းကအခြားအဆောက်အဦတွေမှာ ပေးတဲ့ခွင့်ပြုငွေတွေထက် နှစ်ဆနီးနီးပိုများပြီးတော့ ပေးထားတာတွေကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါပေမဲ့လို့ ကျောင်းဆောင်တစ်ခုလုံးဟာ အက်ကြောင်းရာများနှင့် အလင်းပေါက်နေပြီးတော့ ကြည့်လိုက်တာနဲ့ ပြိုကျလုနီးပါးလှုပ်ခတ်နေတာကို ကျွန်တော်ကိုယ်တိုင်သွားရောက် တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာ ကျောင်းဆက်တက်ဖို့ ကလေးတွေအတွက် အန္တရာယ်များစွာရှိနေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ ပန်ဆပ်ကျေးရွာ ကျောင်းဆောင်တွင် နံရံအက်ကွဲနေတဲ့ပုံပဲဖြစ်ပါတယ်။ ဒီပုံကတော့ နံရံကွဲနေတာတွေကို အဝေးကနေပြီးတော့မှ မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ ကွဲနေတဲ့ နံရံကို ထိလိုက်တဲ့အခါမှာ သူကပြုတ်ကျတော့မယ့်အနေအထားမျိုးကို ရှိနေတဲ့အနေအထားမျိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာက ချစ်ကြည်ရေးအစီအစဉ်ဖြင့် ကူညီတဲ့အခါမှာ ယခုကဲ့သို့ အဖြစ်သဘောဆောက်လုပ်ထားခြင်းသည် နိုင်ငံ့ရဲ့ဂုဏ်သိက္ခာလည်း ကျဆင်းစေပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ လေရှီးမြို့နယ်အတွင်း ပန်ဆပ်၊ လေယုံ၊ ဆိုကင်း ကျေးရွာ အ.မ.ကကျောင်းအား ပထမအကြိမ် အိန္ဒိယထောက်ပံ့ငွေဖြင့် ဆောက်လုပ်ခဲ့သည့် AMC ကုမ္ပဏီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ လုပ်ငန်းအာမခံချက်စာချုပ် အချိန်ကာလ မည်မျှချုပ်ဆိုထားသည်ကို သိရှိလိုပါတယ်။ နံပါတ်(၂)အနေနဲ့ ဆောက်လုပ်ပြီးတစ်နှစ်အတွင်းမှာ ပျက်စီးနေတဲ့ အဆောက်အဦနဲ့ပတ်သက်ပြီးတော့ ကုမ္ပဏီအား မည်ကဲ့သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ လေရှီးမြို့နယ်မှာရှိတဲ့ ပန်ဆပ်၊ လေယုံ၊ ဆိုကင်းကျေးရွာ အ.မ.ကကျောင်းများကို ပထမအကြိမ် အိန္ဒိယထောက်ပံ့ငွေဖြင့် ဆောက်လုပ်ခဲ့တဲ့ AMC ကုမ္ပဏီနှင့် သက်ဆိုင်ရာဝန်ကြီး ဌာနတို့ လုပ်ငန်းအာမခံချက်စာချုပ် သတ်မှတ်အချိန်ကာလ မည်မျှချုပ်ဆိုထားသည်နှင့် ဆောက်လုပ် ပြီး တစ်နှစ်အတွင်း ပျက်စီးနေခြင်းတို့နှင့်ပတ်သက်၍ ကုမ္ပဏီအား မည်ကဲ့သို့ အရေးယူဆောင်ရွက် ပေးနိုင်မည်တို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီးတော့ လေရှီးမြို့နယ်အတွင်းမှာရှိတဲ့ ပန်ဆပ်၊ လေယုံ၊ ဆိုကင်းကျေးရွာရှိ အိန္ဒိယနိုင်ငံ ထောက်ပံ့ငွေဖြင့် တည်ဆောက်ခဲ့တဲ့ အ.မ.ကကျောင်းသုံးကျောင်းကို ဌင်းဒေသမှာရှိတဲ့ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် AMC ကုမ္ပဏီမှ တာဝန်ရှိသူများ ခေါ်ဆောင်၍ သွားရောက်စစ်ဆေးကြည့်ရှုတဲ့အခါမှာ အဆိုပါကျောင်းများအား တွက်ချက်မှုမှာပါတဲ့အတိုင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး

ဒေသအခြေအနေအရ မိုးများလာခြင်း၊ ရာသီဥတုဒဏ်၊ မိုးဒဏ်၊ လေဒဏ်များကြောင့်လည်းကောင်း၊ အဆောက်အဦများအသားမကျမီ ကျောင်းသား/ကျောင်းသူများအား လက်ခံစာသင်ကြားရခြင်း ကြောင့်လည်းကောင်း သာမန်ပျက်စီးမှု များဖြစ်ပေါ်ခဲ့ပြီး ပန်ဆပ်(အ.မ.က)ကျောင်းမှာ ပတ်တီးအက်ကြောင်းများဖြစ်ပေါ်ခြင်း၊ ကျောင်းဆောင် ပြင်ပတစ်ခုလုံးမှာ ဆေးသားများကွဲခြင်းနှင့် (၆x၃)လက်မ အရွယ်ရှိ ယက်မ လေးချောင်းပျက်စီးခြင်း၊ လေယံ(အ.မ.က)ကျောင်းမှာ ကျောင်းဆောင် တစ်ခုလုံး ပြင်ပမျက်နှာပြင် ဆေးသားများကွဲခြင်းနှင့် (၆x၃)လက်မ အရွယ်ရှိ ယက်မ လေးချောင်းပျက်စီးခြင်း၊ ဆုံကင်း(အ.မ.က)ကျောင်းမှာ ကျောင်းဆောင်တစ်ခုလုံး ပြင်ပမျက်နှာပြင် ဆေးသားများကွဲခြင်းများ ဖြစ်ပေါ်ခဲ့ပြီး အဆောက်အဦများ ၏ ခိုင်ခံ့မှု အရည်အသွေးကို ထိခိုက်မှုမရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ပန်ဆပ်(အ.မ.က)ကျောင်း၏ ပတ်တီးအက်ကြောင်းများကို ပြန်လည်ပြုပြင်ခဲ့ပြီး ကျောင်းဆောင်ပြင်ပတစ်ခုလုံးကို ဆေးသုတ်ခြင်း၊ ပျက်စီးနေသော (၆x၃)လက်မ အရွယ်ရှိ ယက်မ လေးချောင်းကို အသစ်ပြန်လည်အစားထိုးဆောင်ရွက်ခြင်းနှင့် ဝရန်တာလက်ရန်းများအား ပိုမိုခိုင်ခန့် အောင် ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လေယံ(အ.မ.က)ကျောင်းရဲ့ ကျောင်းဆောင်တစ်ခုလုံး ပြင်ပမျက်နှာပြင်ဆေးသုတ်ခြင်းနှင့် ပျက်စီးနေသော (၆x၃)လက်မ အရွယ်ရှိ ယက်မ လေးချောင်းကို အသစ်ပြန်လည်အစားထိုးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆုံကင်း(အ.မ.က)ကျောင်းရဲ့ ကျောင်းဆောင်တစ်ခုလုံး ပြင်ပမျက်နှာပြင်အားလုံးကို ပြန်လည် ဆေးသုတ်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)။** ။မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းကို ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို များစွာကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ခုလက်ရှိဖြစ်နေတဲ့ အနေ အထားက ဒီလာခါနီးမှာပဲ တိုင်ကြားစာတစ်ခု ပြန်ပြီးလက်ခံရရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဒီမေးခွန်း ကို ကျွန်တော်မမေးတော့ဘူးလို့ စဉ်းစားခဲ့ပေမယ့်လို့ အခြေအနေအရ ပြန်ပြီးတော့ မေးရတာဖြစ်ပါ တယ်။ ဒီဟာ ပြုပြင်တယ်ဆိုတဲ့အနေအထားမှာ ကျွန်တော်တို့ ဒီအဆောက်အဦထဲမှာ ဘာပစ္စည်းမှ အသစ်ပြန်ပြီးတော့မှ လဲလှယ်ပြီးတော့မှ လုပ်ပေးတာမရှိဘူးလို့ ကျွန်တော်တို့ သိရပါတယ်။ အပေါ်ယံ လောက်ပဲ ဒီဆေးကို သုတ်ပြီးတော့မှ အက်ရာတွေကိုပဲ ပိတ်သွားတဲ့အနေအထားမျိုး ကျွန်တော်တို့ သိရ ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအန္တရာယ်ကတော့ အမြဲတမ်း နဂိုအတိုင်းပဲရှိနေတုန်းပါပဲ။ အထူးသဖြင့် ပန်ဆပ်ကျောင်းဖြစ်ပါတယ်။ ကျန်တဲ့ဆုံကင်းနဲ့ လေယံကျောင်းကတော့ အသင့်အတင့်လောက်ရှိပါ

**မူကြမ်း**

တယ်။ ပန်ဆပ်ကျောင်းကတော့ ကျောင်းဆောင်အသစ်ပြန်လည်ပြီးတော့မှ ဆောက်ပေးမှပဲ ဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ကုမ္ပဏီကို ဒီလိုပဲဆေးသုတ်ရုံလောက်နဲ့ လက်ခံမယ်ဆိုလို့ရှိရင်တော့ အဆင်မပြေဘူးလို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဒီကျောင်းကိုတော့ ကျွန်တော်တို့ ပြန်ပြီးတော့ စစ်ပေးပါမယ်။ အဓိကပြဿနာက ဘာဖြစ်လဲဆိုတော့ ကျွန်တော်တို့ အဲဒီ ကျောင်းမှာ တည်ဆောက်တဲ့၊ အသုံးပြုတဲ့သဲတစ်ကျင်းဟာ ဒေသပေါက်စျေးဟာ သုံးသိန်းခန့်ဖြစ်နေပါတယ်။ နောက်တစ်ခါ အဆိုပါ အသုံးပြုတဲ့သဲတွေကိုလည်း လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ ၃ မိုင်၊ ၄ မိုင် ကွာဝေးတဲ့နေရာကနေပြီးတော့ ဆိုင်ကယ်နဲ့ သယ်ယူရတဲ့အနေအထားရှိပါတယ်။ နောက်တစ်ချက်ကတော့ အရည်အသွေးကောင်းမွန်တဲ့ တည်ဆောက်ရေးပစ္စည်းတွေ လမ်းပန်း ဆက်သွယ်ရေးအခြေအနေအရ ရှားပါးတဲ့အတွက်လည်း ဒီလိုဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြန်ပြီးတော့ စစ်ပေးပါမယ်။ ကျွန်တော်တို့ ပြန်စစ်ပြီးတော့ ပြန်လည်တင်ပြပေးမယ်ဖြစ်ကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။

**ဟိုပန်မြို့၌ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျင်ဝမ်း(ဟိုပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတစ်ခု ခွင့်ပြုပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် ဝ၊ ရှမ်း၊ ကိုးကန့်၊ ကချင်၊ လားဟူ၊ လီဆူ၊ လော်ဝေါ်နဲ့ မုန်းဝန်းစတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ

နေထိုင်ကြပြီး တောင်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်သဖြင့် ဆင်းရဲနွမ်းပါး ကြပါတယ်။ အခြေခံပညာတတ်မြောက်မှုနှင့် နည်းပါးတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုလည်း နောက်ကျခဲ့ ရတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ပြည်သူများလူနေမှုအဆင့်အတန်း မြင့်မားလာစေရန်နဲ့ ဒေသဖွံ့ဖြိုး ရေးကို အထောက်အကူဖြစ်စေရန် မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များ လူ့အရင်းအမြစ် ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် ဟိုပန်မြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်နေသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး သင်တန်းကျောင်းတစ်ခု ဖွင့်လှစ်ပေးနိုင်ရန် ဒေသခံပြည်သူများက အထူးလိုလားတောင့်တလျက် ရှိပါတယ်။

ဇင်းကျောင်းဖွင့်လှစ်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနပိုင် ဟိုပန်မြို့၊ ဘိန်းဦးအစားထိုးစိုက်ပျိုးရေးခြံမှ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့သို့ လွှဲပြောင်းပေးအပ်တဲ့ မြေ ငါးဧကေ၌ တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်တွင် အမှန်တကယ်လိုအပ်တဲ့ ဒေသခံတိုင်းရင်းသား လူငယ်များ၏ အခြေခံပညာတက်မြောက်မှုအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး ရေးသင်တန်းကျောင်းတစ်ခု နိုင်ငံတော်မှ ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိလိုပါသဖြင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ရဲ့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၌ နယ်စပ်ဒေသတိုင်းရင်းသား လူငယ် များဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နယ်စပ် ဒေသရှိ တိုင်းရင်းသားလူမျိုးများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပြုစု ပျိုးထောင်ရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ နယ်စပ်ဒေသအသီးသီး၌ ၄၄ ကျောင်းအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ

မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သုံးကျောင်းရှိပါတယ်။ ၎င်းသုံးကျောင်းကတော့ လားရှိုး၊ ကွမ်းလုံ၊ တန့်ယန်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း တစ်ကျောင်း လောက်ကိုင်တို့ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

အဆိုပါ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း လားရှိုး၊ ကွမ်းလုံ၊ တန့်ယန်း၊ လောက်ကိုင်တို့မှာ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ “ဝ” တိုင်းရင်းသားလူမျိုးကျောင်းသားများအနေဖြင့် လူငယ်သင်တန်းကျောင်း(လားရှိုး)မှာ ၃၁ ဦး၊ လူငယ်သင်တန်းကျောင်း(ကွမ်းလုံ)မှာ ၈၀၃ ဦး၊ လူငယ်သင်တန်းကျောင်း(တန့်ယန်း)မှာ ၄၄၀ ဦး၊ လူငယ်သင်တန်းကျောင်း(လောက်ကိုင်)မှာ ၁၉ ဦး စုစုပေါင်း “ဝ” တိုင်းရင်းသားလူမျိုးကျောင်းသား ၁၂၉၃ ဦးကို လက်ခံပညာသင်ကြားပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ လူငယ်သင်တန်းကျောင်း(လားရှိုး)မှာတစ်ဦး၊ လူငယ်သင်တန်းကျောင်း(ကွမ်းလုံ)မှာ ၁၀ ဦး၊ လူငယ်သင်တန်းကျောင်း(တန့်ယန်း)မှာ ၁၂ ဦး၊ လူငယ်သင်းတန်းကျောင်း(လောက်ကိုင်)မှာ ၁၅ ဦး စုစုပေါင်း “ဝ” တိုင်းရင်းသားလူမျိုးကျောင်းသား ၃၈ ဦးကို လက်ခံပညာသင်ကြားပေးလျက်ရှိပါတယ်။

ဟိုပန်မြို့နှင့် ကွမ်းလုံမြို့ဟာ ၁၂ မိုင်ခန့်သာကွာဝေးခြင်း၊ လားရှိုးမြို့နှင့် တန့်ယန်းမြို့တို့မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်သာတည်ရှိခြင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နှင့်လည်း အလှမ်းမကွာဝေးခြင်းတို့ကြောင့် ဟိုပန်မြို့နယ်ရှိ “ဝ” တိုင်းရင်းသား ကျောင်းသား/ကျောင်းသူများအနေဖြင့် အဆိုပါ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများသို့ နှစ်စဉ်တက်ရောက်ပညာသင်ကြားနိုင်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (လားရှိုး၊ ကွမ်းလုံ၊ တန့်ယန်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) တွင်နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(လောက်ကိုင်)တို့ ဖွင့်လှစ်ထားရှိခဲ့ပြီးဖြစ်ခြင်း၊ ဟိုပန်မြို့နယ်ရှိ တိုင်းရင်းသားကျောင်းသား/ကျောင်းသူများအနေဖြင့်လည်း (လားရှိုး၊ ကွမ်းလုံ၊ တန့်ယန်းနှင့် လောက်ကိုင်မြို့)တို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ

ဖွံ့ဖြိုးရေးသင်တန်းကျောင်းများသို့ လွယ်ကူစွာတက်ရောက်ပညာသင်ကြားနိုင်ခြင်းတို့ကြောင့် ဟိုပန်မြို့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်လှစ်ရန် လတ်တလော အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဆောက်လုပ်၍မပြီးပြတ်သေးသော နန်းယွန်းမြို့အဝင် တိုင်းယောင်း(၁)တံတား၊ ချမ္မကောက်လုံကောင်းကျွေးရွာနှင့် ဒုံဟီးမြို့ကြား ဒုံဟီးတံတား၊ ဒုံဟီးမြို့နှင့် ချန်ဖန်းကျေးရွာကြား ချောင်းဆုံတံတားတို့အား မည်သည့်အချိန်တွင် ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နယ်စပ်ဒေသမှာရှိတဲ့ မြို့ရွာကျေးလက်များအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းမှာ အိန္ဒိယအထောက်အပံ့နဲ့ ဆောက်လုပ်ထားတဲ့ နန်းယွန်း၊ ဒုံဟီး၊ လဟယ်လမ်းအပိုင်းကို သက်ဆိုင်ရာ စစ်မြေပြင်အင်ဂျင်နီယာတပ် ဆအရ (၉၁၁) နဲ့ ဆအရ(၉၁၉)တို့မှ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ကျောက်ခင်းလမ်းခင်းခြင်းကို ပြီးစီးအောင် ဆောင်ရွက်ခဲ့ပေမယ့် ဘေလီသံဘောင်တံတား သုံးစင်းကိုတော့ ဒီနေ့အချိန်အထိ အပြီးသတ် ဆောင်ရွက်နိုင်မှုမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒေသခံပြည်သူလူထုတွေ ခရီးသွားလာဖို့ရန် အခက်အခဲရှိနေတာကို ကျွန်တော်တို့တွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ နန်းယွန်းမြို့အဝင် ကြံတိုင်တံတား(ခေါ်)တိုင်းယောင်း(၁)ပေ ၂၀၀ တံတားရဲ့ လက်ရှိအနေအထားကြီးရှိနေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကိုလောလောဆယ် ကျွန်တော်တို့က ဒီအထက်နားမှာရှိတဲ့ ကြိုးတံတားကိုပဲ အသုံးပြုနေရတဲ့အတွက်ကြောင့်မို့လို့ ဒေသခံတွေအခက်အခဲတွေ့နေရတာဖြစ်ပါတယ်။ ဒါကတော့ ချမ္မကောက်လုံကောင်းကျေးရွာနဲ့ ဒုံဟီးမြို့ကြားမှာရှိတဲ့ ပေ ၂၀၀ တံတား ဒုံဟီးတံတားပဲဖြစ်ပါတယ်။ ဒီတံတားတွေက လက်ရှိအခြေအနေမှာတော့ ဒေသဦးစီးအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ ဒေသခံကုမ္ပဏီတွေဆီက

အကူအညီတောင်းပြီးတော့ အလှူခံပြီးတော့ ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒါကတော့ ဒုံဟီးမြို့နဲ့ ချန်ဖန်းကျေးရွာကြားက ချောင်းဆုံတံတားပဲဖြစ်ပါတယ်။ ဒါကအစမှာ ဒီဇယ်သုတ်လိမ်းထားတဲ့ တံတားပဲဖြစ်ပါတယ်။ သုတ်ခါစ၊ ဆေးလိမ်းခါစမို့လို့ ဒီဓာတ်ပုံလေးဟာ လှနေတာဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာတော့ တော်တော်လေးကို ဆိုးရွားနေတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့် အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း မပြီးပြတ်ဘဲ ကျန်နေတဲ့ တံတားသုံးစင်းကို မည်သည့်အချိန်တွင် အပြီးသတ်ဆက်လက်ပြီး ဆောင်ရွက်ပေးမည်ကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ နန်းယွန်းမြို့နယ်တွင် သတ်မှတ်ထားသော ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်၍ မပြီးပြတ်သေးသော နန်းယွန်းမြို့အဝင် တိုင်းယောင်း(၁)တံတား၊ ချမ္မကောက် လုံကောင်းကျေးရွာနှင့် ဒုံဟီး မြို့ကြား ဒုံဟီးတံတား၊ ဒုံဟီးမြို့နှင့် ချန်ဖန်းကျေးရွာကြား ချောင်းဆုံတံတားတို့အား တည်ဆောက်ပေး နိုင်ရေး မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါ တံတားသုံးစင်းမှာ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရဲ့ နှစ်နိုင်ငံချစ်ကြည်ရေးအရ အိန္ဒိယနိုင်ငံရဲ့ ပံ့ပိုးကူညီမှုဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်အင်ဂျင်နီယာညွှန်ကြား ရေးမှူးရုံးမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘေလီ တံတားကိုးစင်းတွင် ပါဝင်သည့် တံတားများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ ဘေလီတံတား ကိုးစင်းတည်ဆောက်ရေး အတွက် လိုအပ်သည့်ဘေလီသံဘောင်အရှည်ပေ ၁၅၉၀ ပေကို အိန္ဒိယနိုင်ငံ ဘက်မှ ပံ့ပိုးကူညီရန် နှစ်ဖက်သဘောတူညီခဲ့ပြီးဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဘက်မှ လွှဲပြောင်းပေးပို့ခဲ့ပြီး ဖြစ်သည့် ဘေလီသံဘောင်အရှည် ၉၁၀ ပေဖြင့် နာဂဒေသအတွင်း တိုင်းယောင်း(၂)တံတား အရှည်ပေ ၁၅၀၊ တိုင်းယောင်း(၃)တံတား အရှည်ပေ ၁၄၀၊ ကဲဆန်တံတား အရှည်ပေ ၈၀၊ ရောင်ကွန် တံတား အရှည်ပေ ၂၀၀၊ ကျားဝမ်တံတား အရှည်ပေ ၂၀၀ စုစုပေါင်းတံတား ငါးစင်းကို စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူတည်ဆောက်တပ်ဆင်ခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံမှ ဆက်လက်ထောက်ပံ့လွှဲပြောင်းပေးပို့ရန် ဘေလီသံဘောင် ၆၈၀ ပေ ကျန်ရှိပါတယ်။ အဆိုပါ သံဘောင်များကို အမြန်ဆုံးလွှဲပြောင်းနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ဘေလီသံဘောင်များ လွှဲပြောင်းရချိန်မှာတော့ တိုင်းယောင်း(၁)တံတား အရှည်ပေ ၃၀၀၊ ဒုံဟီးတံတား အရှည်ပေ ၂၀၀၊ တိုကီတံတား အရှည်ပေ ၂၀၊ ချောင်းဆုံတံတား အရှည်ပေ ၃၀၀၊ ပေ ၁၄၀ က တပ်ဆင်ပြီး ဖြစ်ပါတယ်။ စုစုပေါင်းတံတားလေးစင်းကို ဆက်လက်တည်ဆောက်တပ်ဆင်သွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ရဲ့ နန်းယွန်းမြို့တွင် သတ်မှတ်ထားသော ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်၍မပြီးပြတ်သေးသော နန်းယွန်းမြို့အဝင် တိုင်းယောင်း(၁)တံတား၊ ချမ္မကောက် လုံကောင်းကျေးရွာနှင့် ဒုံဟီးမြို့ကြား ဒုံဟီးတံတား၊ ဒုံဟီးမြို့နှင့် ချန်ဖန်ကျေးရွာကြား ချောင်းဆုံတံတား တို့အား တည်ဆောက်ပေးနိုင်ရေးမေးခွန်းနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံမှ ထောက်ပံ့လွှဲပြောင်းပေးပို့မည့် သံဘောင်ဘေလီ ၆၈၀ ပေအား ရရှိနိုင်ရေး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ခံရရှိပါက ဆောလျင်စွာ တပ်ဆင်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပြီး နေ့လယ် တစ်နာရီအချိန်မှာ အစည်းအဝေးပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

[မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းသည် ဥက္ကဋ္ဌထံ တင်ပြခွင့်ပြုချက်ဖြင့် နေ့တစ်ပိုင်းခွင့် ယူထားပါသည်။ ယနေ့ နေ့လယ်ပိုင်းတွင် ပြန်လည်ကျင်းပသော လွှတ်တော်အစည်းအဝေး၌ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၇ ဦး ဖြစ်ပြီး တက်ရောက်သူစုစုပေါင်းမှာ ၃၈၉ ဖြစ်ပါသည်။]

**ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အားကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်း ရာသီတွင် တာတမံများကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဇော်မင်းသိန်း တင်သွင်းသွားတဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများစိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရန် အတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်း တင်သွင်းသူ ကိုယ်စားလှယ် ၁၃ ဦးအနက် ၁၀ ဦးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့ (၄-၈-၂၀၁၆ ရက်နေ့)မှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆွေးနွေးရန်ကျန်ရှိတဲ့ ကိုယ်စားလှယ် သုံးဦး ဆက်လက်ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(သာပေါင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ကျွန်တော့် အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သာပေါင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းပါ။ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးဇော်မင်းသိန်းရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီအဆိုနှင့်ပတ်သက်လို့ အရင်ဆုံးကျွန်တော် ဆွေးနွေးတင်ပြချင်တာကတော့ တာတမံတွေရဲ့ တည်တံ့ ခိုင်မြဲရေးအတွက်ပါ။ အဲဒီတော့ ဒီတာတမံတွေဟာ ခုနှစ်အရပြောမယ်ဆိုရင်တော့ နှစ်ပေါင်း ၁၅၀ လောက်ရှိလာပါပြီ။ အဲဒီတော့ နှစ်ပေါင်း ၁၅၀ လောက်ရှိလာတဲ့ ဒီတာတမံတွေဟာ သူတို့ရဲ့ သက်တမ်း အရ၊ အခြေအနေတွေအရ လူကြောင့်ဖြစ်တဲ့အခြေအနေတွေ၊ တိရစ္ဆာန်ကြောင့်ဖြစ်တဲ့အခြေအနေတွေ ကြောင့် ပျက်စီးယိုယွင်းလာတာ မြင်တွေ့နေရပါတယ်။ အဲဒီတော့ ဒီတာတမံတွေရဲ့အခြေအနေတွေကို ပြန်သုံးသပ်ကြည့်တဲ့အခါမှာ အစိုးရကောင်းတစ်ရပ်အနေနဲ့ ကျွန်တော်တို့ အင်္ဂါရပ်နှင့်အညီ ပြုပြင် ဆောင်ရွက်ဖို့ အချိန်တန်နေပါပြီ။ အဲဒီတော့ ဒီတာတမံတွေကြည့်တဲ့အခါကျတော့ နှစ်ပေါင်း ၁၅၀ လောက်မှာ လွတ်လပ်ရေးရပြီးတဲ့ ဒီဘက်အပိုင်းမှာ နှစ်ပေါင်း ၇၀ အတွင်းမှာ လေးကြိမ်လောက် ကျိုးပျက်တာကို တွေ့ရပါတယ်။ လွတ်လပ်ရေးမရခင်မှာတော့ ၁၉၂၃ ခုနှစ်လောက်မှာတစ်ကြိမ် ကျိုးပြီးတော့ ဒီနောက်ပိုင်းမှာ နှစ်ပေါင်း ၇၀ အတွင်းမှာ လေးကြိမ်လောက်ကျိုးပျက်တာကို တွေ့ရှိရပါ တယ်။ အဲဒီတော့ ဒီအခြေအနေတွေကို ကြည့်တဲ့အခါမှာ ဒီဘက်နှစ်ပေါင်း ၇၀ အတွင်းမှာ လေးကြိမ် လောက်ပျက်တဲ့အခါကျတော့ ပြုပြင်ထိန်းသိမ်းဖို့ လိုအပ်နေပြီဆိုတာကို ဒါလက်တွေ့သိရှိခံစားနေရ ပါပြီ။ အဲဒီတော့ ဒီတာတမံတွေဟာ ဒီအတိုင်းသာဆက်ထားမယ်ဆိုရင် ဘယ်လိုပြောမလဲဆိုတော့ ငါးပွက်ရာ ငါးစာချတဲ့ စီမံကိန်းမျိုးနဲ့တော့ အလုပ်မဖြစ်လောက်ပါဘူး။ အဲဒီတော့ ၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲမှာအနိုင်ရရှိလာတဲ့ အစိုးရတစ်ရပ်အနေနဲ့ ဒီကိစ္စကို စနစ်တကျစီမံကိန်းနဲ့ဖော်ထုတ်ပြီး တော့ ဆောင်ရွက်ပါလို့ လွှတ်တော်အနေနဲ့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ နောက်တစ်ချက် တင်ပြချင်တဲ့အချက်ကတော့ ဧရာဝတီရေကာတာနှင့် ဝေန် ရေကာတာဟာ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် ခရိုင်သုံးခု အကျုံးဝင်ပါတယ်။ အဲဒီတော့ ဒီခရိုင်ကြီးကလည်း ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်ပါ။ မြို့နယ်ကလည်း အကုန်လုံးဆိုရင် ၁၇ မြို့နယ်ရှိပါတယ်။ အကျုံးဝင်တာကလည်း ၁၅ မြို့နယ်လောက် အကျုံးဝင်ပါ တယ်။ ဧရာဝတီတိုင်းမှာ ဒီခရိုင်တွေဟာ လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားဆောင်ရွက်တာပါ။ အင်္ဂလိပ်ကတော့ သူတည်ဆောက်တုန်းကတော့ သူ့ရဲ့အခြေအနေတွေ၊ နောက် သဘာဝပတ်ဝန်းကျင် အခြေအနေတွေ ဒီအပေါ်မှာ သူက စနစ်တကျနဲ့တည်ဆောက်တယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ ဒီဘက်အပိုင်းမှာ ပြောင်းလဲလာတဲ့အခြေအနေမျိုးမှာ မြစ်ကြမ်းပြင်တွေ မြင့်တက်လာတာရယ်၊ နောက်တစ်ခု ချောင်းတွေ၊ မြောင်းတွေကောလာတာရယ်ဆိုတော့ ဒီတာတမံတွေဟာ ရေကိုထိန်းသိမ်းရ

တဲ့အခါမှာ ပိုပြီးတော့ ဝန်ပိလာပါတယ်။ မကြာသေးမီက ကျွန်တော် နယ်ကိုဆင်းတဲ့အခါမှာ တာတမံတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့မြို့နယ်မှာ တာတမံ ၁၄ မိုင်နဲ့ ၇ ဖာလုံရှိပါတယ်။ အဲဒီတော့ တာတမံတွေနဲ့ပတ်သက်လို့ ကျွန်တော် ဆင်းကြည့်တဲ့အခါမှာ ဘာသွားတွေ့လဲဆိုတော့ ဒီဆည်မြောင်း တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကိုမေးကြည့်တဲ့အခါမှာ ပြီးခဲ့တဲ့အစိုးရမှာ မလိုလားအပ်တဲ့ ကျွန်တော်တို့မြို့နယ်ရဲ့ နောက်ဆုံး မိုင်တိုင်အမှတ်(၆၆/၆)မှာ သူ့ရှေ့ဆက်ပြီးတော့ တာတမံကိုဆက်ပြီးတော့ဖို့တာ တွေ့တယ်။ တွေ့တဲ့အခါကျတော့ အဲဒီတာတမံဟာ ဖို့လိုက်တဲ့အကျိုးဆက်ကြောင့် နဂိုတုန်းကတော့ ဒီရေလဲကြီးဆိုတဲ့အုပ်စုမှာ ဖြတ်ခဲ့တာပေါ့။ ဒါပေမဲ့ဆက်ဖို့လိုက်တဲ့အခါကျတော့ သူက ရေကိုပိုပိုက်ထားတယ်။ ပိုက်ထားတဲ့အပြင်မှာ ဘေးထွက်ဆိုးကျိုးတွေက အဲဒီတာတမံထိပ်မှာရှိတဲ့ ကျေးရွာတွေ သုံးရွာလောက်ပျက်ပြီးတော့ အိုင်တွေ၊ ချောင်းတွေ၊ မြောင်းတွေ ဖြစ်ကုန်တယ်။ ဒါတွေဟာ အစိုးရရဲ့ စီမံခန့်ခွဲမှု အလွဲလွဲအမှားမှားတွေကို ထောက်ပြတာပါ။ အဲဒီတော့ ကျွန်တော်တို့ ဧရာဝတီတိုင်း ဒေသကြီးအနေနဲ့က ဒီတာတမံတွေဟာ မြန်မာနိုင်ငံအတွက် စပါးကျီဖြစ်တဲ့၊ အဓိကကလည်း စပါးကို စိုက်ပျိုးတဲ့ ဒေသတွေဖြစ်တဲ့အခါကျတော့ ဒီတာတမံတွေတည်တံ့ဖို့၊ ခိုင်မြဲဖို့ရယ် နောက် ပြည်သူလူထု၊ အသက်၊ အိုးအိမ်၊ စည်းစိမ်ချမ်းသာတွေ ကျွန်တော်တို့ ထိန်းသိမ်းဆောင်ရွက်ဖို့ရယ် လိုအပ်တဲ့ အတွက်ကြောင့်မို့လို့ ဒီတာတမံတွေကို အမြန်ဆုံး၊ အကောင်းဆုံးစီမံချက်တွေနဲ့ အစိုးရကောင်း တစ်ရပ်၏အင်္ဂါရပ်နှင့်အညီ ပြုပြင်ဆောင်ရွက်ပေးဖို့ ကျွန်တော်အနေနဲ့ တိုက်တွန်းလိုပါတယ်။

နောက် ကျွန်တော် ပြောချင်တာကတော့ တာဝန်ခံမှု၊ တာဝန်ယူမှုပါ။ အဲဒီတော့ အစိုးရတစ်ရပ်ဟာ ကိုယ်ပြောထားတဲ့စကား၊ ကိုယ်ပေးထားတဲ့နှုတ်ထွက်စကားတွေ၊ ကတိစကားတွေကို တာဝန်ယူဖို့ လိုအပ်ပါတယ်။ ကျီးလန့်စာစားနေရတဲ့ဘဝမျိုး၊ ပြည်သူတွေ လိုလားနှစ်သက်တဲ့မျှော်လင့်ချက်မျိုး တွေကို လွယ်လွယ်နဲ့မပေးဘဲနဲ့ တကယ့်တကယ်ဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေကို အသုံးချပြီးတော့ ပြောနိုင်မယ့်စကားတွေ၊ ကတိတွေကို အသုံးချပြီးတော့ ပြောဖို့လိုအပ်ပါတယ်။ ပြည်သူတွေကလည်း တာဝန်ရှိပုဂ္ဂိုလ်တွေရဲ့ ပြောစကားတွေအပေါ်မှာ အမြဲတမ်းပဲ နာယူမှတ်သားပြီးတော့ လေ့လာနေတာ ပါ။ ဒါပေမဲ့ သူတို့ရဲ့မျှော်လင့်ချက်တွေကို ကုန်ဆုံးသွားတာမျိုးဖြစ်စေချင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲမှာ အနိုင်ရရှိတဲ့အစိုးရအနေနဲ့ ဆောင်ရွက်ပေးပါလို့ ဆွေးနွေးရင်း ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ဦးဇော်မင်းသိန်းရဲ့ အဆိုကို ထောက်ခံသွားမှာ ဖြစ်ပါတယ်။ Slide ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဒါက ကျွန်တော်တို့ ဝဝန်မြစ်ကြီးဖြစ်ပါတယ်။ ဝဝန်တာတမံဖြစ်ပါတယ်။ ဒီအထဲထဲမှာ လေးမျက်နှာ မြို့တို့၊ မြို့ကွင်းမြို့တို့၊ ဟင်္သာတမြို့တို့၊ အသုတ်မြို့တို့၊ ရေကြည်တို့၊ နောက်တစ်ခုက သာပေါင်းမြို့တို့၊ ကန်ကြီးထောင့်မြို့တို့ ပါတဲ့ဒေသတွေဖြစ်ပါတယ်။ အဓိကအားဖြင့်ကတော့ ငဝန်မြစ်ရေကြီးမှုကို ဒီဘက်ဒေသတွေက မြို့နယ်ပေါင်း ၁၀ မြို့နယ် ကျော်တဲ့ဒေသတွေဟာ ရေမဝပ်ဖို့အတွက် ဒါကို တာတမံကြီးတည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ဒါကတော့ ဟင်္သာတမြို့ကနေပြီးတော့မှ ဧရာဝတီမြစ် နှင့် ငဝန်မြစ်ဆုံရာကနေပြီးတော့ ဒါတောက်လျှောက် ငဝန်တာကို ရေကာတာအနေနဲ့ ရှည်လျားစွာ ဆောက်ထားတဲ့တာတမံဖြစ်ပါတယ်။ တာတမံရဲ့အရှည်ကတော့ ၇၅ မိုင်ရှိပြီးတော့ နှစ်ပေါင်း ၁၀၀ ကျော်လောက် ရှိနေပါတယ်။ ဒါကတော့ ငဝန်မြစ်ကြီးကို အဓိကအားဖြင့်ကတော့ သာပေါင်းမြို့နယ် အတွင်းမှာရှိတဲ့ ငဝန်တာအပျက်တွေ ဖြစ်ပါတယ်။ အဲဒီမှာ ငဝန်မြစ်က တံတောင်ဆစ်ကွေးကြီးဖြစ်ပြီး တော့ အဲဒီရဲ့အောက်ဘက်မှာ ရေလဲကြီးဆိုတဲ့နေရာက တာအပေါက်ကြီးဖြစ်နေပါတယ်။ ဒါကို ကျွန်တော်တို့အစိုးရ အဆက်ဆက်ကလည်း ဒီတာအပေါက်ကြီးကို ဖို့ထားသော်လည်းပဲ ခိုင်ခံ့မှုမရှိတဲ့ အတွက်ကြောင့် အဲဒီတာအပေါက်ကြီးက တောက်လျှောက်ရေဝင်နေပါတယ်။ အဲဒီတော့ ဟင်္သာတ မြို့တို့၊ ငသိုင်းချောင်းမြို့တို့မှာ စိုးရိမ်ရေအမှတ်ရောက်ရှိနေသော်လည်းပဲ ကျောင်းကုန်းမြို့တို့၊ ကန်ကြီးထောင့်မြို့တို့ဟာ ငသိုင်းချောင်းရေတို့၊ ဟင်္သာတရေတို့ မြင့်နေတဲ့အချိန် မှာ ကျောင်းကုန်းတို့၊ သာပေါင်းတို့ဟာ ရေသိပ်ပြီးတော့မရှိလာသေးဘူး။ သို့သော်လည်းပဲ ဟိုဘက်မှာ ငသိုင်းချောင်းတို့၊ ဟင်္သာတတို့က ရေကျပြီဆိုတာနဲ့တစ်ပြိုင်နက် အဲဒီရေလဲပေါက်ကြီးကနေ ကျွန်တော်တို့မြို့နယ်တွေကို ဝင်လိုက်တဲ့အခါမှာ ဒါတောက်လျှောက် ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်မှာ ရေကြီးမှုများ ဖြစ်ပေါ် လာခြင်းဖြစ်ပါတယ်။ ဒါကတော့ မနှစ်က ကျောင်းကုန်းမြို့နယ်ရဲ့ မြို့နယ်လယ်ကောင်မှာ ရေတက်မှု အနေအထားဖြစ်ပါတယ်။ ဒါမနှစ်က သာမန်ရေဖြစ်ပါတယ်။ ထိမ်ငူတာတုန်းကဆိုရင်တော့ အဲဒီနှစ်ဆ ကျွန်တော်တို့မြို့လယ်ကောင်မှာ လူတစ်ရပ်မမှီလောက်တဲ့ အဆင့်ထိဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ကျောင်းကုန်းမြို့မှာ မူလတန်းကျောင်းပေါင်း ၂၀၀ လောက်ရှိတဲ့အထဲမှာ ၁၈၀ ကျော်

လောက်က ဒါနှစ်စဉ်ပဲ ရေကြီးနစ်မြုပ်တဲ့အခါမှာ တစ်လခွဲလောက်အထိ ပိတ်ထားရတဲ့ ကျောင်းတွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ တကယ့်စပါးစိုက်ခင်းများဟာ ရေမြုပ်သွားတဲ့အနေအထားရှိပါတယ်။ ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်အနေနဲ့ ရေတော်မိုးတော် ဧကက ဧကတစ်သိန်းလောက်စိုက်ခဲ့ရပါတယ်။ အခုလည်း စိုက်ပျိုးဖြစ်နေပါတယ်။ ဒါတွေကလည်း ရေတက်လာခဲ့အခါမှာ ဧကကနှစ်စဉ်ကို ၃၀၀၀၀၊ ၄၀၀၀၀ လောက် မြုပ်သွားတဲ့အနေအထားဖြစ်ပါတယ်။ ဒါက သံဃာတော်များလည်း ဒီလိုပဲ ရေထဲ၊ မိုးထဲမှာပဲ အပင်းပန်းခံပြီးတော့ ဆွမ်းခံနေတဲ့ပုံလေးတွေ ထည့်ထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒါတွေဟာ ရေကြီးခြင်းအားဖြင့် ရေစီးဆင်းမှုကိုလည်း အနှောင့်အယှက်ဖြစ်စေတဲ့ ဒါက ဒါးကချောင်းထဲမှာရှိသော ပဝန်းချုံများဖြစ်ပါတယ်။ အဲဒီပဝန်းချုံများကတော့သစ်ကိုင်းများထည့်ထားတယ်။ နောက် ဗေဒါတွေမွေးထားတယ်။ ဒါကြောင့်မို့လို့ မြစ်ကြမ်းပြင်တွေကလည်း ဒီနုန်းတွေကတင်ပြီးတော့မှ မြစ်ကြမ်းပြင်တွေမြင့်တက်ပြီးတော့ ရေကြီးမှုကိုလည်း ပိုပြီးတော့မြင့်မားစေတဲ့အပြင် ရေနုတ်မှုကိုလည်း အင်မတန်ခက်ခဲတဲ့အနေအထားလေးကို ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီလိုဖြစ်လာတဲ့အခါမှာ မိုးဦးကျလာတဲ့အခါကျတော့ ပဝန်းချုံများမှာ မွေးထားတဲ့ဗေဒါတွေဟာ မိုးဦးကျမှာ တောက်လျှောက်ပွားလာပြီးတော့ ဒါးကချောင်းကြီးတစ်လျှောက်မှာ လုံးဝဖြတ်သန်းသွားလို့မရတဲ့အဆင့်ထိဖြစ်တဲ့အတွက်ကြောင့် သွားရေးလာရေးမှာလည်း ခက်ခဲသလိုနုန်းတင်မှုဟာလည်းများပြီးတော့ ရေစီးဆင်းမှုတွေလည်း ဒုက္ခရောက်တဲ့အပြင် မြစ်ကြမ်းပြင်မြင့်တဲ့အတွက်ကြောင့် ရေကြီးမှုတွေက ကျွန်တော်တို့မြို့နယ်တွေမှာ အစဉ်အဆက်တွေ့ရှိနေရပါတယ်။

ကျောင်းကုန်းက ရေထွက်ပေါက်က အင်မတန်ကျဉ်းတဲ့အခါကျတော့ အိမ်မဲချောင်းလေးကလည်းကျဉ်းတယ်။ တိမ်တဲ့အခါကျတော့ ရေထွက်မှုကိုလည်း၊ ရေနုတ်မှုကိုလည်း လျော့ပါးစေပါတယ်။ အဓိက ကျွန်တော်တင်ပြချင်တာကတော့ စောစောက ရေလဲကြီးမှာဖြစ်တယ်။ သာပေါင်းမြို့နယ်၊ ရေလဲကြီးမှာဖြစ်တဲ့ ကျွန်တော်တို့ ဒီဘက်ကအပြာနုလေးက မူလက ရေဖြတ်မြောင်းလေးဖြစ်ပါတယ်။ အဲဒီဖြတ်မြောင်းလေးက တိမ်လည်း တိမ်တယ်။ တကယ်လို့ အဲဒီနေရာလေးကို ပေ ၄၅၀၀၊ ပေ ၄၈၀၀ ရှိတဲ့ဥစ္စာကို ဖြတ်ဖောက်လုပ်လို့ရှိရင် ဒီနေရာမှာ ရေကထိုးဝင်ပြီးတော့ မြစ်ကျိုးအင်းပုံစံမျိုးဖြစ်သွားပြီးတော့ ရေစီးလာတာကို တံတောင်ဆစ်ကွေးမသွားပဲနဲ့ အဲဒီနေရာက ဖြတ်သွားပါတယ်။ တကယ်လို့အဲဒါလေးတွေကိုတော့ ကျွန်တော်တို့ လုပ်ပေးနိုင်မယ်ဆိုလို့ရှိရင် ငွေကုန်ကြေးကျလည်း သက်သာပြီးတော့ ငသိုင်းချောင်းမှာလည်း ဒီလိုလုပ်တဲ့အတွက်ကြောင့် ရေကြည်တို့၊ ငါးပိဆိပ်တို့က တော်တော်လေးကောင်းသွားပါတယ်။ ဒါကို တံတောင်ဆစ်ကျိုးကြီးကို မူလရေမြောင်းလေး အပြာနုရောင်

လေးအပေါ်မှာ အဝါပုံစံမျိုးလုပ်ခဲ့လို့ရှိရင် နိုင်ငံတော်ဘတ်ဂျက်လည်း သိပ်မကြီးတဲ့အတွက်ကြောင့် ဒါကိုတော့ လုပ်သင့်တယ်လို့ အကြံပြုတင်ပြလိုပါတယ်။ ဒုတိယတစ်ချက်ကတော့ ဒီဘက်မှာ ရေစီးချောင်းကြီးဖြစ်နေပါတယ်။ ဒါဟာ ရေလဲကြီးကနေ အောက်ဘက်ကနေပြီးတော့ အင်္ဂလိပ်က ဖို့သွားတဲ့တာအပျက်ကြီးဖြစ်သွားတယ်။ အဲဒီတာအပျက်ကြီးက ငသိုင်းချောင်းတို့၊ ဟသ်ာတတို့က ရေကျပြီဆိုရင် အဲဒီတာအပျက်ကြီးက တောက်လျှောက်ဝင်တဲ့အတွက်ကြောင့် ကျောင်းကုန်းတို့၊ သာပေါင်းမြို့တို့ဟာ တောက်လျှောက် အဲဒီရေကို နှစ်တိုင်းခံစားနေရတဲ့အတွက် ကြောင့် ကျွန်တော်တို့ အနီရောင်ပြထားတာက နဂိုလုပ်ထားတဲ့ အင်္ဂလိပ်အစိုးရက လုပ်ထားတဲ့တာ အဟောင်းကြီးပါ။ ဒါကို ကျွန်တော်တို့ ရေလဲကြီးကနေ ဟိုဘက်ဆက်လိုက်လို့ရှိရင် နဂိုတာအဟောင်းနှင့်ဆက်လိုက်ပြီး၊ တဘူးဝထိဆက်လိုက်ရင်တော့ အဲဒီတာအပေါက်ပိတ်သွားတဲ့အတွက်ကြောင့် ကျွန်တော်တို့မြို့နယ်တွေဟာ ရေကြီးနစ်မြုပ်မှုမှ ကင်းလွတ်သွားမယ့်အနေအထားဖြစ်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဦးစွာပထမဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်ဆွေးနွေးလိုတာကတော့ လေးမျက်နှာမဲဆန္ဒနယ်က ဦးဇော်မင်းသိန်း အဆိုတင်သွင်းသွားသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများစိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာနှင့်အညီ ဧရာဝတီတိုင်းဒေသကြီးဟာလည်း နိုင်ငံတော်ရဲ့ စပါးကျီအဖြစ် တင်စားခေါ်ဝေါ်နိုင်ခဲ့တဲ့ တိုင်းဒေသကြီးအဖြစ် အကျိုးရှိစေခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဧရာဝတီ

မြစ်ရေကာတာများနှင့် ဝေဝန်မြစ်ရေကာတာများဟာ အင်္ဂလိပ်အစိုးရလက်ထက်တွင် တည်ဆောက်ခဲ့သော ရေကာတာများလည်းဖြစ်ပါတယ်။ နှစ်ပေါင်း ၁၅၀ နီးပါး ကြာမြင့်လာသည်နှင့်အမျှ တာတမံများဟာ ကြံ့ခိုင်မှုအလွန်အားနည်းလာပြီလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်အစိုးရလက်ထက်က တာတမံများ၏မြစ်တစ်ဖက်ကို ရေလွှမ်းလွင်ပြင်ဇရိယာသတ်မှတ်ထားပြီး တာများ၊ လယ်ကန်သင်းများကို ၁၈ လက်မထက်ပို၍ မြှင့်တင်ခြင်းကို ခွင့်မပြုခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရေကို လွတ်လပ်စွာစီးဆင်းစေရန်ဖြစ်ပါတယ်။ ယခုအချိန်အခါတွင် လူနေအိမ်များ၊ လမ်း၊ တံတားများ ဆက်သွယ်ရေးတာကြီးများကို တည်ဆောက်လာခဲ့သည်နှင့်အမျှ မြစ်ရေက မြစ်ကမ်းကို နှစ်ဘက်ညှပ်ပိတ်ထားသလိုဖြစ်ပြီး စိုးရိမ်ရေမှတ်များကိုဖြစ်စေကာ မူလတာတမံကို ပိုမိုပျက်စီးလာစေပါတယ်။ တာတမံနယ်နိမိတ်အတွင်း တာတမံကြံ့ခိုင်ရေးကို ထိခိုက်စေမှုများကြောင့် နှစ်စဉ်တာပေါက်ခြင်း၊ တာနိမ့်ခြင်း၊ တာပဲ့ခြင်းများ ဖြစ်ပေါ်နေခြင်းလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မိုးရာသီကာလမှာလည်း မြန်မာနိုင်ငံအနှံ့အပြား ရေကြီးမှုများကို ကြုံတွေ့ခဲ့ရပါတယ်။ ရေကြီးမှုကြောင့် ကျပ်ဘီလီယံ ၁၆၀ ကျော် ဆုံးရှုံးခဲ့ရပြီး လူဦးရေ ၁.၃ သန်းကျော် ရေဘေးသင့်ခဲ့ပါတယ်။ ရေကြီးမှုများကြောင့် ရေကာတာအပြင်မှ ပြည်သူများ ရေကြီးနစ်မြုပ်တဲ့ဒဏ်ကို ခံစားခဲ့ရသလို ရေကာတာအတွင်းမှာရှိသော ပြည်သူများကလည်း တာတမံကြီးများအား ရေကျော်လုနီးပါးရောက်ရှိနေတဲ့အတွက် မိုးတွင်းကာလတစ်ခုလုံး ဘယ်နေ့ဘယ်အချိန် ဘယ်နေရာကနေ တာတမံကျိုးပေါက်မလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ မအိပ်နိုင်ဘဲ ထိတ်လန့်မှုတွေကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ယနေ့ဒီမိုကရေစီအရပ်သားအစိုးရသစ်လက်ထက်မှာ ပြည်သူများရဲ့ စိုးရိမ်ပူပန်မှုများကို ပိုမိုကုစားအကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်အခါတွင် ကျွန်တော်တို့နိုင်ငံဟာ သစ်တောပြုန်းတီးလာမှုကြောင့် မိုးရွာသွန်းတဲ့အခါ မိုးရေကို သစ်ပင်များကတစ်ဆင့်ခံ၍ ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ မြေဆီလွှာကို တိုက်ရိုက်ထိမှန်ပြီး နုန်းသဲများဟာ ချောင်းမြောင်းများမှတစ်ဆင့် မြစ်အတွင်းသို့စီးဝင်ပြီး တစ်နှစ်ထက်တစ်နှစ် မြစ်ကြမ်းပြင်ကို မြင့်တက်စေခဲ့ပါတယ်။ မြစ်ကြမ်းပြင်မြင့်တက်လာစေပြီး ရာသီဥတုတွေ တစ်နှစ်ထက်တစ်နှစ် ဖောက်ပြန်ဆိုးရွားလာသော်လည်း မြစ်ရေကိုကာကွယ်ထားတဲ့ တာတမံများကတော့ နဂိုအတိုင်းတည်ရှိနေဆဲပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ရေကြီးမှုဖြစ်စဉ်မှာ ရေကာတာများအပေါ်မှာ ရေလျှံကျလုနီးပါး ရေကြီးခဲ့ပါတယ်။ အကယ်၍ ရေကာတာကြီးများကျိုးပေါက်သွားခဲ့လျှင် ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်များ၊ စိုက်ပျိုးရေး၊ ပညာရေး၊

ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကအစ လူနေမှုဘဝများဆုံးရှုံးရမှာလည်းဖြစ်ပါတယ်။ ဒီလို ဆုံးရှုံးမှုများကို ကြိုတင်ပြင်ဆင်၍ လက်တွေ့ကျကျ အသေးစိတ်အစီအစဉ်များချမှတ်ဆောင်ရွက်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခြင်းကို ကာကွယ်ရန် အစိုးရမှာသာ တာဝန် အပြည့်အဝရှိပါတယ်။ အခုဆိုရင် တာတမံကြံ့ခိုင်မှုအားနည်းလာတာနှင့်အမျှ တာတမံများတွင်လည်း ခြတွင်းကြီးများ၊ ကြွက်တွင်းကြီးများရှိနေပါသဖြင့် အတွင်းပိုင်းကြံ့ခိုင်မှုကိုလည်း နည်းပညာပိုင်းအရ စစ်ဆေးပြီးမှ အဆင့်မြှင့်တင်ဖို့ လိုအပ်ပါတယ်။ လတ်တလောဖြစ်ပျက်နေတဲ့ ရေပေါက်မှု၊ ရေစိမ့်မှု များကို သဲအိတ်များချခြင်းသည် ဆေးမီတိုနှင့်ကုသခြင်းသာဖြစ်လို့ ရေရှည်စိတ်ချနိုင်စရာအကြောင်း မရှိပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာတာတမံများဖြစ်သော နယ်သာလန်၊ ဂျပန်၊ ဗီယနမ်နိုင်ငံများ၏ တာတမံများအပေါ်တွင် ရာသီမရွေးသွားလာနိုင်သော ကားလမ်းများကို ဖောက်လုပ်ထားသည်ကိုလည်း သိရှိရပါတယ်ခင်ဗျား။ သို့ပါ၍ ကြိုတင်ကာကွယ်မှုများ အချိန်မီ လုပ်နိုင်ပါလျက် မလုပ်ဆောင်နိုင်ခဲ့လျှင် ကျွန်တော်တို့ နိုင်ငံအနေနဲ့ အကုန်အကျအလွန်ကြီးမားသော ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရင်ဆိုင်ဖြေရှင်းရမှာ အမှန် တကယ်ဖြစ်ပါတယ်။ သို့ပါသောကြောင့် လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း တင်သွင်း သွားသောအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းသိန်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ဒီနေ့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးပြီးတော့ အင်တိုက်အားတိုက်နဲ့ ဧရာဝတီမြစ်ရဲ့ ရေကာတာ၊ ငဝန်မြစ်ရဲ့ရေကာတာနဲ့ပတ်သက်ပြီးတော့ စိုးရိမ်ပူပန်သောကများနဲ့ ဝိုင်းဝန်းထောက်ခံ

ဆွေးနွေးကြတဲ့ ၁၃ ဦးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမှာဆိုရင် တပ်မတော်က ကိုယ်စားလှယ်အရာရှိကြီးနှစ်ဦးပါဝင်ပါတယ်။ အားလုံးရဲ့ဆွေးနွေးချက်အပေါ်မှာ သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဒီအဆိုပေါ်မှာ ပြန်လည်ဖြေကြားရမယ်ဆိုလို့ရှိရင် ဒီအဆိုနှင့်ပတ်သက်ပြီးတော့ အားလုံးရဲ့မေးမြန်းချက်များ၊ စိုးရိမ်ပူပန်ချက်များဟာ အလွန်ကို လက်ရှိကာလမှာလည်း ရေဒဏ်၊ မိုးဒဏ်ကိုခံစားရမယ့် အနေအထားကာလနဲ့ တိုက်ဆိုင်နေတဲ့အတွက် ဒီဟာနဲ့ပတ်သက်ပြီးတော့ ရေတို/ရေရှည်မှာ ကျွန်တော်တို့ တာဝန်ယူတဲ့ဌာနအနေနဲ့ ဘယ်လိုလုပ်ဖို့သင့်တယ်ဆိုတာကိုလည်း ကျွန်တော်ဆွေးနွေးပါ မယ်။ ဒီဟာကို မဆွေးနွေးခင်မှာ တာတွေရဲ့ နှစ်စဉ်ခြိမ်းခြောက်နေတဲ့အကြောင်းအရင်းကို ပြန်ပြီးတော့ ကျွန်တော်တို့ ပြန်စစ်ဖို့လိုပါတယ်။ အကြောင်းအရင်းကို စိစစ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ရန်ကုန်မှာကားကြပ်သလို အနေအထားမျိုးကို ပြန်မြင်ယောင်ပါတယ်။ ရန်ကုန်မြို့ကြီးဟာ အင်္ဂလိပ် အစိုးရတည်ခဲ့တဲ့ အနေအထားအတိုင်း ယနေ့ထိ ဘာမှမပြောင်းလဲဘဲနဲ့ ဒီနေ့ကျမှ တိုးလာတဲ့ လူဦးရေနှင့်အတူ စီးချင်တဲ့ကားတွေက များလာတဲ့အတွက် ကားကြပ်တဲ့ရောဂါ ဒီနေ့ရန်ကုန်မြို့အနှံ့မှာ ရှိတယ်။ ဒီတိုင်းပဲ ဒီဧရာဝတီမြစ်မှာ တည်ဆောက်ထားတဲ့ရေကာတာတွေဟာ ၁၈၇၆ ခုနှစ်က အစောဆုံး လွန်ခဲ့တဲ့နှစ် ၁၄၀ ကတည်းက ဆောက်ခဲ့တဲ့တာများဖြစ်ပြီးတော့ ဒီတာများရဲ့ အနေအထား ဟာပြုပြင်ပြောင်းလဲပြီးတော့ ခေတ်နှင့်စနစ်နှင့်ညီတဲ့တာများဖြစ်အောင် ပြောင်းလဲခြင်းမရှိဘဲနဲ့ နဂိုခေတ်ကာလ လွန်ခဲ့တဲ့ နှစ် ၁၄၀ က ဆောက်ခဲ့တဲ့ ရေမျက်နှာပြင်အတိမ်အနက်နဲ့၊ သဘာဝ ပတ်ဝန်းကျင်လူဦးရေနဲ့ တိုင်းတာပြီးဆောက်ခဲ့တဲ့အနေအထားဟာ ယနေ့မှာဆိုလို့ရှိရင် သဘာဝ ပတ်ဝန်းကျင်အနေအထားဟာ လုံးဝကို နှစ် ၁၄၀ က အနေအထားနဲ့ ပြောင်ပြောင်ကြီးကို ပြောင်းလဲခဲ့ ပါတယ်။ ပြောင်းလဲခဲ့တဲ့အနေအထားကို ကြည့်ရမယ်ဆိုရင်တော့ မြစ်ကြောင်းများရဲ့ တိမ်ကောမှုဟာ အဓိကပါပဲ။ တိမ်ကောမှုဟာ ဘယ်လောက်ထိထင်ရှားလဲဆိုလို့ရှိရင် ကျွန်တော်တို့ ကျောင်းနေခဲ့တဲ့ နှစ်ပေါင်း ၄၀ ကျော်ကတည်းက ဧရာဝတီမြစ်ကြီးဟာ စစ်ကိုင်းတောင်နဲ့ မန္တလေးကြားမှာ စိုက်ခင်း တွေလုပ်ပြီး လေ့လာတဲ့အခါမှာ ရေလျှာဖွေးဖွေးမြစ်ကြောင်းကြီးကို ရှင်းရှင်းလင်းလင်းမြင်ရပါတယ်။ နှစ်ပေါင်း ၄၀ က စိုက်ပျိုးရေးတက္ကသိုလ်မှာ လေ့လာခဲ့တဲ့ မြစ်ကြောင်းကြီးတောက်လျှောက်မှာ ကျွန်းတွေ၊ သောင်တွေမရှိဘူး။ သို့သော် ယနေ့ခေတ်မှာဆိုရင် ဒီဧရာဝတီမြစ်ကြောင်းကြီး တစ်လျှောက်လုံးမှာ ကျွန်းတွေ၊ သောင်တွေဖွဲ့ပြီးတော့ တိုက်တာအဆောက်အဦ၊ စေတီ၊ ပုထိုးတွေနဲ့ ရွာကြီးများ တည်ပြီးတော့၊ ကျွန်းတွေ၊ သောင်တွေထွန်းပြီးတော့ တစ်ခါတည်းကို မြစ်ကြောင်းတွေက

တိမ်ကော ပြီးတော့ ဒီလိုအနေအထားထိ လက်ရှိအနေအထားဟာ ကျွန်တော်တို့ တော်တော်ကို နိုင်ငံတော်အတွက်က ကျွန်တော်တွေ့ခဲ့တဲ့၊ တွေ့ကြုံခံစားခဲ့တဲ့ ရေလွှာဖွေးဖွေးအနေအထား ကနေပြီးတော့ တိမ်ကောနေတဲ့မြစ်ကြောင်းကြီးတစ်လျှောက်လုံးရဲ့ အနေအထားကို ကျွန်တော်တို့ အားလုံးလည်း ခံစားသိရှိရမှာပါ။ ဒီအကြောင်းကို အရင်းစစ်တော့ အမြစ်မြေကဆိုတော့ ဒီမြစ်ကြောင်းတွေ တိမ်ကောရတဲ့အကြောင်းအရင်း ပြန်လည်စိစစ်မယ်ဆိုလို့ရှိရင်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ တည်းက၊ အင်္ဂလိပ်ခေတ်တည်းက စခုတ်ခဲ့သော်လည်း နှစ်ပေါင်း ၄၀ အထိ မြစ်ကြောင်းတွေက တိမ်ကောခြင်းမရှိဘူး။ နောက်ပိုင်းမှာ မဆလခေတ်မှာလည်း ဒီလောက်သစ်တွေခုတ်ခဲ့တဲ့အနေအထား မရှိဘူးဆိုတာကို ဒီအတွေ့အကြုံကနေ ပြန်ပြီးတော့ ၁၉၇၃-၁၉၇၄ အထိ မြစ်ကြောင်းတွေမှာ တိမ်ကောခြင်းမရှိခဲ့သလို ဒီနောက်ပိုင်းမှာ ကျွန်တော်တို့ ၁၉၇၃-၁၉၇၄ ကျွန်တော်ပြောတဲ့ကာလမှာ မြစ်ကြောင်းတွေက တိမ်ကောခြင်းမရှိသော်လည်း ယနေ့မှာဆိုရင်တော့ မြစ်ကြောင်းတွေက ပိတ်ဆို့ တိမ်ကောပြီးတော့နေတဲ့အတွက် ဒီဥစ္စာက အကြောင်းစစ်တော့ စိုက်ပျိုးရေးအရဆိုရင် ဒါတွေက သစ်တောတွေပြုန်းလို့ဖြစ်ပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးမှာ တိုက်စားခြင်းနှစ်မျိုးရှိပါတယ်။ လေကြောင့်တိုက်စားခြင်း၊ ရေကြောင့်တိုက်စားခြင်းပါ။ ပြင်းထန်တာဟာ ရေကြောင့်တိုက်စားခြင်းပါ။ ရေကြောင့်တိုက်စားခြင်းမှာ မိုးနဲ့တိုက်စားခြင်းဟာ အဓိကသီးနှံသစ်ပင်တွေ ဖုံးအုပ်တဲ့နေရာရှိတဲ့ ကျွန်တော်တို့ မြန်မာပြည်ရဲ့ သစ်တောတွေဟာ သစ်တောတွေရှိစဉ်က တိုက်စားခြင်းနည်းခဲ့တဲ့အတွက် မြစ်ကြောင်းတွေကောခြင်း မရှိတာဖြစ်ပါတယ်။ အခု သစ်တောအားလုံးကြည့်လိုက်မယ်ဆိုရင် မြန်မာပြည် ဧရာဝတီမြစ်ဝကျွန်းပေါ်ကြီးနဲ့ယှဉ်ပြီး ဖြစ်ထွန်းနေတဲ့ ပဲခူးရိုးမတောင်ကြောတစ်လျှောက် လုံးမှာလည်း သစ်တောတွေမရှိတော့ပါဘူး။ ဒီဧရာဝတီမြစ်ကြီးကိုစီးဝင်နေတဲ့ ဒုဋ္ဌဝတီမြစ်၊ ချင်းတွင်း မြစ်ကို မြစ်ဖျားခံရာ ကျွန်တော်တို့ ချင်းတောင်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ရှိ သစ်တောတွေက လုံးဝပြုန်းတီးလျက်ရှိပါတယ်။ ဒီကာလမှာ ခုတ်လာခဲ့တဲ့ သစ်တောတွေရဲ့ ပြုန်းတီးမှုကြောင့် မြေအကာ အရံတွေမဲ့ပြီးတော့ မြေဆီလွှာတွေ အပေါ်ယံတိုက်စားပြီးတော့ ချောင်း၊ မြောင်း၊ အင်းအိုင်အားလုံးဟာ ဒီနေ့အနေအထားမှာ ကျွန်တော်ခုနပြောတဲ့ မြစ်ကြောင်းတွေရဲ့ အလယ်ကောင်မှာ စေတီ၊ ပုထိုး၊ ကျောင်းကန်တွေအနေနဲ့ ရွာကြီးတွေအဖြစ် ဖြစ်ထွန်းတည်ရှိပြီးတော့ မြစ်ကြောင်းတွေ တိမ်ကောတဲ့ အတွက် မြစ်ကြောင်းတွေရဲ့ ကာရံထားတဲ့ နဂိုကတည်းက ၁၈၇၆ ခုနှစ်တည်းကရှိတဲ့၊ နှစ် ၁၄၀ ကရှိတဲ့ ရေကာတာဟာ ဘယ်လိုမှလုံခြုံအောင် ကာရံထားခြင်းမရှိနိုင် ဘူးဆိုတာကတော့ အားလုံး ဒါဟာ အခုဆိုရင် တွေးမြင်လို့သိရှိနိုင်ပါတယ်။ ဒီဟာကို ကျွန်တော်တို့က အပြစ်ပြောပြီးတော့မှ ဒီဟာကို

ကျွန်တော်တို့ အစိုးရခေတ်ကာလမှာ ဒါကို မကာကွယ်နိုင် ကောင်းလားဆိုတာလည်း ရှိကောင်းရှိပါတယ်။ ဒါပေမဲ့ ဒါက ကင်ဆာအနာလို နှစ်ပေါင်း ၁၀၀ ကျော်က စစွဲခဲ့တဲ့ ကင်ဆာအနာ၊ မြစ်ပွားနာက ယနေ့စပြီးတော့ ပြည်တည်ပြီးပေါက်တဲ့ အနေအထားဖြစ်နေတဲ့အတွက် ဒါကို ကျွန်တော်တို့ ကုစားဖို့ဆိုလို့ရှိရင် နိုင်ငံတော်ရဲ့ အဘက်ဘက်သော တာဝန်ရှိတဲ့ ကျွန်တော်တို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နောက်ပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြစ်ကြောင်းများထိန်းသိမ်းရေးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန အားလုံးပေါင်းစပ်ပြီးတော့မှ အားလုံးကို ခြိမ်းခြောက်နေတဲ့ ရေကာတာတွေရဲ့ မလုံခြုံမှုကို ပြန်လည်ပြီးတော့ နိုင်ငံတော်အဆင့်အနေဖြင့် အရေးတယူနဲ့ ယခုအနေအထားကို သုံးသပ်ပြီးတော့မှ စီမံဆောင်ရွက်ဖို့ဖြစ်ပါတယ်။

လက်ရှိ ကျွန်တော်တို့နိုင်ငံအနေအထားနဲ့ မနှစ်ကဆိုလို့ရှိရင် ကိုယ်စားလှယ်ကြီးများဆွေးနွေးသွားသလိုပေါ့နော်။ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ မနှစ်ကရေဖုံးလွှမ်းခဲ့တဲ့အတွက် စိုက်ပျိုးဧရိယာတစ်သိန်းကျော် လုံးဝရေနစ်မြုပ်ဆုံးရှုံးတယ်။ ပုစွန်ကန် သုံးသိန်းလောက် ဆုံးရှုံးတယ်။ ငါးကန်တစ်သိန်းခွဲလောက် ဆုံးရှုံးတယ်။ ငါးကန်ဧရိယာအတွက်။ အားလုံးက သဘာဝဘေးဒဏ်ကို ထုတ်လုပ်မှုအောက်ပိုင်းမှာ အိပ်ပေါက်နဲ့ ဖားကောက်သလို ကျွန်တော်တို့ နိုင်ငံရဲ့အနေအထားဟာ လူးလွန့်စံစား အစိုးရသစ်အနေအထားမှာလည်း ဒါကို ခါးဆီးလို့ခံနေရတဲ့အနေအထားမှာ ဘယ်လိုရုန်းထမလဲဆိုတာကို ကျွန်တော်တို့အားလုံးတညီတညွတ်တည်း ဒေသခံပြည်သူများအပါအဝင်၊ NGO များအပါအဝင်၊ ပြည်သူများအပါအဝင် အားလုံးက ဒါဟာ နိုင်ငံတော်အရေးနော်။ နိုင်ငံတော်ရဲ့ သဘာဝဖျက်ဒဏ်ကို ကာကွယ်ထိန်းသိမ်းပြီးတော့ ဘယ်လိုသွားမလဲဆိုတာကိုတော့ ဒီအစည်းအဝေးပြီးရင်တော့ လုပ်ဆောင်ဖို့လိုပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့ လုပ်ဆောင်နိုင်တာကတော့ ဌာနကထုံးစံအတိုင်း ရေကာတာတွေကို မြှင့်တင်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဘယ်လောက်ထိ မြှင့်နိုင်မလဲဆိုရင်တော့ မြစ်ကြောင်းက တိမ်လာတဲ့အတွက် တိမ်လာတဲ့မြစ်ကြောင်းနဲ့လိုက်တဲ့ ငါးပေမြှင့်မယ်ဆိုတာတော့ ဒီငါးပေမြှင့်တာက ငါးပေနှင့်အတူ အတွင်းဘက်နံရံမှာလည်း ငါးပေနဲ့ညီမျှတဲ့ ရေထုကိုခံနိုင်ဖို့၊ ရေကာတာရဲ့အတွင်းဘက်မှာလည်း ငါးပေနဲ့ညီမျှတဲ့ရေထုကို ကာကွယ်နိုင်တဲ့ ရေကာတာကိုလိုက်ပြီး ပြုပြင်ထိန်းသိမ်းပြီးတော့ ဖြေရှင်းရတဲ့အတွက် စုစုပေါင်း ၄၈၆ မိုင် အကွာအဝေးထက် ရန်ပုံငွေခန့်မှန်းခြေပေါင်း ကျပ်သန်းပေါင်း ၄၇၄၃၀ ကျပ်သန်းကို အဓိကတွက်ချက်ပြီး စီမံချက်ချပြီးတော့

မနှစ်ကတည်းက တင်ပြတယ်။ ပြီးခဲ့သော နိုင်ငံတော်ရဲ့သမ္မတကြီးကလည်း ဒါကိုအရေးတယူလုပ်ဖို့ လုပ်ပေးတဲ့အတွက် ဒီဟာကို ဌာနအနေနဲ့ စီမံချက်ချပြီးတော့ ဘယ်လောက်ကုန်မလဲ။ ကျင်းဘယ်လောက်ကုန်မလဲ။ ရေကာတာ ၁၅ ခုမှာ ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်ခြမ်းမှာ ၁၁ တာ၊ ရန်ကုန်တိုင်းဒေသကြီးဘက်မှာသုံးတာနဲ့ ပဲခူးတိုင်းဒေသကြီး အထက်ပိုင်း အနောက်ဘက် အခြမ်းမှာ တစ်တာ၊ ၁၅ တာအတွက်ကို ပုံစံတွေထုတ်ပြီးတော့ လုပ်မယ်လို့ ပြောသော်လည်း အဓိက ကင်ဆာရောဂါကာကွယ်ဖို့ကို လိုအပ်တဲ့ အရင်းအနှီးမရှိတဲ့အတွက် အရင်း အနှီးရှိတဲ့ တရုတ်ပြည်ကို ကမ်းလှမ်းပါတယ်။ တရုတ်ပြည်က ယခုအခါမှာ ဒါကိုစဉ်းစားပြီးတော့ ဒါကို တရုတ်ပြည်ကနေပြီးတော့ ဘယ်လိုရမလဲဆိုတာကိုလည်း ကြိုးစားတယ်။ ဒီ ကြိုးစားတဲ့ လက်ရှိ ကာလမှာတော့ ဒီပိုက်ဆံက မသေမချာ၊ မရေမရာဖြစ်နေဆဲကာလဖြစ်တဲ့အတွက် အခု လောလောဆယ်ဆယ် ဖြေရှင်းရမယ့် အနေအထား လက်ရှိခြိမ်းခြောက်နေတဲ့ သဘာဝအနေအထားကိုတော့ လောလောဆယ်တော့မနှစ်က လုပ်ခဲ့တဲ့အတိုင်းပဲ ၂၄ နာရီမှာ ရေကင်းချထားပြီးတော့ စီမံခြင်း၊ အရေးပေါ်ရေဘေး ကာကွယ်မှုစီမံ ခြင်းများ အရန်သင့်စုစောင်းထားရှိခြင်းလုပ်ငန်းများ၊ နောက်ပြီးတော့ အဆင့်ဆင့်သော အနီးကပ် ကြီးကြပ်ပြီး ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ လူမှုရေးအဖွဲ့များ၊ ပြည်သူများ၏လုပ်အားဖြင့် တာနိမ့်သည့်နေရာများတွင် သဲအိတ်ဖြည့်ခြင်း ရေပေါက်များကို ရေခွင်များ ခိုင်မာအောင်ပြုလုပ်၍ ကာကွယ်ခြင်း၊ တာနောက်မှ ကတုတ်တန်းရိုက်၍ မြေဖို့ခြင်း၊ တာရှေ့မှ လှိုင်းကာ၊ ရေကာများရိုက်ခြင်း၊ ရိုက်၍ကာကွယ်ခြင်း၊ သဲဗွက်ထခြင်း၊ တာအိခြင်းများအား အချိန်မီ ကာကွယ်ခြင်း စသည်တို့ကို အရေးပေါ်ကာကွယ်တားဆီးနိုင်လို့ မနှစ်က ဒီအနေအထားကနေ ကာကွယ်နိုင်ခဲ့ပါတယ်။ ကိုယ်စားလှယ်ကြီး တစ်ယောက်ပြောသလို ဆေးမီးတိုနဲ့ပဲ ဒီနေရာမှာ မနှစ်ကအတိုင်းပဲ သုံးသပ်ပြီးတာနိမ့်များ မြေဖို့ခြင်း၊ ရေပေါက်များပြန်ဖို့ခြင်း ဆောင်ရွက်ထားရှိတယ်။ နောက် မြစ်ရေကြီးချိန်မှာ ဌာနဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့် အနီးကပ်ကြီးကြပ်ပြီး ၂၄ နာရီ ရေကင်းကျစောင့်ကြည့်ခြင်း၊ အရေးပေါ်ကာကွယ်ရေး ပစ္စည်းအရန်သင့်ထားရှိခြင်း၊ ကာကွယ်ရေး ပစ္စည်းများအချိန်မီ ရောက်ရှိနိုင်ရန် စက်ယန္တရား၊ ယာဉ်နှင့် လုပ်သားအင်အားနှင့် အရန်သင့်ဖွဲ့စည်း ထားရှိခြင်းစတဲ့ ကျွန်တော်တို့နဲ့စာချုပ်မထားတဲ့ သဘာဝဘေးဒဏ်ကဘယ်လောက်ကြီးထွားမလဲ ဆိုတာကို အုပ်ဆေး၊ မန်းဆေးနဲ့ ကြိုတင်ပြီးတော့ ကာကွယ်နေရတဲ့အနေအထားပဲ ရှိနေတဲ့အတွက် ဒါကိုဒီနှစ်မှာတော့ ဒီလိုပဲ စောင့်ကြည့်ပြီးတော့ လေ့လာဖို့၊ လစ်ဟာမှုမရှိအောင် အထူးအလေးထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မူကြမ်း**

ဒါပေမဲ့ လာမည့်နှစ်မှာကတော့ ဒီဟာကို ရေဘေးကာကွယ်ရေးအတွက် လိုအပ်သည့် အစီအမံများကို ရာသီရောက်မှ ရေဘေးကာကွယ်ရေးတာများ ခိုင်မာပြင်ဆင်ခြင်းလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအထောက်အပံ့ဖြင့် ဆောင်ရွက်နိုင်ရန် ဆွေးနွေးညှိနှိုင်းဆောင်ရွက်စီမံရန် ရှိပါတယ်။ ရှိတဲ့အတွက်ကြောင့် ဒါကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ယင်းအဆိုကို ကျွန်တော်တို့က ဒီဟာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့အထောက်အပံ့နဲ့ ဆောင်ရွက်ဖို့ရှိပါတယ်ဆိုတာလောက်ကိုပဲ အခုအနေအထားမှာ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအား မှတ်တမ်းတင်ထားသင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။ သို့သော်ဒီဥစ္စာဟာ မှတ်တမ်းတင်ထားရမှာ တကယ်တမ်းဌာနအနေနဲ့ လုပ်ဖို့က ခုနက ကိုယ်စားလှယ်တော်ကြီးများ ဝေဖန်သုံးသပ်သွားတဲ့ ပြီးခဲ့တဲ့ကာလ ရေဘေးကာကွယ်ရေးနဲ့ပတ်သက်တဲ့ မြစ်ကြောင်းကာကွယ်ရေးတစ်လျှောက်မှာ အစီအမံများဟာ ဘယ်လောက်ထိလဲ ဆိုလို့ရှိရင် ဆည်မြောင်းပညာရှင်တစ်ယောက်နဲ့ မကြာခင်ကဆွေးနွေးတဲ့အခါမှာ လုပ်ခဲ့တာတွေက အမှန် မြစ်ကြောင်းရဲ့ ဘယ်ညာမှာ တာတစ်ချောင်းပဲ ရှိရပါမယ်။ ရေရဲ့ Hydrology ခေါ်တဲ့ ပညာရှင်ရဲ့အယူအဆအရ တာနှစ်ချောင်းရှိလို့ရှိရင် ရေအားပြိုင်အားကောင်းလာပြီးတော့ တိုက်စားမှုအားကောင်းလာပါတယ်။ ကျွန်တော်ကြည့်တဲ့အခါမှာ ဧရာဝတီမြစ်ရဲ့ကာလမှာ အရင်အစိုးရကာလများမှာ ပိုင်ဆိုင်တဲ့ဧရိယာအလိုက် အရှေ့ဘက်ကမ်းရော၊ အနောက်ဘက်ကမ်းရော တာတွေကို အပြိုင်ဆောက်တဲ့အတွက် ရေတိုက်စားမှုတွေဟာ ပိုများပြီးတော့ ယခုလို ရေရဲ့အင်အားကို အန်တုပြိုင်ပြီးတော့ စိုးရိမ်သောကတွေ ဖြစ်နေရခြင်းပဲ ဖြစ်ပါတယ်။ အမှန်မှာ ဆည်မြောင်းပညာရှင်ပြောတာက ရေကာတာမှန်သမျှ မြစ်ကြောင်းတစ်ကြောင်းမှာ ရေကာတာတစ်ဖက်ပဲရှိရပါမယ်။ တစ်ဖက်မှာရေကာတာမရှိရပါဘူး။ အရှေ့ဘက်ကမ်းမှာ ရေကာတာရှိရင် အနောက်ဘက်ကမ်းမှာ ရေကာတာမရှိရပါဘူး။ ပြိုင်ပြီးတော့ မရှိရပါဘူး။ ဒါပေမဲ့ ဒီခေတ်ကာလမှာ စီမံခဲ့တဲ့အစိုးရများရဲ့ သူတို့ရဲ့အင်အားပြိုင်မှုနည်းပညာပေါ်မှာ လွှမ်းမိုးမှုကြောင့် ရေကာတာများအား အပြိုင်ဆောက်ခဲ့တဲ့အတွက်ကြောင့် ဒီနေ့ ကျွန်တော်တို့ဒီလိုမျိုး ရေသဘာဝဘေးဒဏ်ကို ခါးဆီးပြီးတော့ခံနေရခြင်းဖြစ်ပါတယ်။ ဒါတွေကစလို့ ပြန်သုံးသပ်ပြီးတော့ ဒီရေကာတွေရဲ့လက်ရှိစနစ်မကျ အပြိုင် ဆောက်ခဲ့တဲ့ဟာတွေကိုတော့ ပြန်သုံးသပ်ဖို့လိုပါတယ်။ နောက်ပြီးတော့ ဒီဥစ္စာကို ပြန်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ပြန်သုံးသပ်မယ်ဆိုလို့ရှိရင် ဒီရေဟာ ကျွန်တော်တို့အတွက် ရွှေပါပဲ။ ရေကို အန္တရာယ်လို့သုံးသပ်ပြီးလို့ထားမယ်ဆိုရင် ဒါဟာအန္တရာယ်ပေါ့။ ဒါပေမဲ့ဒီဟာက ကျွန်တော်တို့အတွက် ရေကအလွန်ရှားပါးတဲ့ ပစ္စည်းရွှေဖြစ်ပါတယ်။

**မှူးကြမ်း**

ဒီရေကို ကျွန်တော်တို့က အန္တရာယ်လို့မြင်ပြီးတော့ ကာကွယ်မယ့်အစား ဒီမြစ်ဝကျွန်းပေါ် ဧရာဝတီမြစ်ကြီးတစ်လျှောက်မှာ ကျွန်တော်တို့က ရေကာတာဆည်လေးများ ဆောက်ပြီးတော့ ပတ်ဝန်းကျင်ဒေသအလိုက် မိုင် ၁၀၀၊ ၂၀၀ ခြားပြီးတော့ ဒေသအလိုက် လိုအပ်တဲ့ရေတွေကို ဆည်လေးတွေကန့်ပြီးတော့ ရေသွင်းစီမံကိန်းအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို ဘယ်ညာမှာ လုပ်ပေးနိုင်မယ်ဆိုရင် ဒီရေရဲ့အင်အားတွေဟာ လျော့ပါးသွားပြီးတော့၊ ရေရဲ့ခြိမ်းခြောက်မှုဟာ လျော့ပါးသွားပြီးတော့ ခြိမ်းခြောက်နေတဲ့ရေဆိုတဲ့အန္တရာယ်ဟာ ကျွန်တော်တို့အတွက် မိတ်ဆွေ ဖြစ်သွားပါမယ်။ ဒီဟာကို ကျွန်တော်တို့ လာမယ့်အစိုးရကာလ ရှေ့လျှောက်ပြီးတော့ ကျွန်တော်တို့ စီမံချက်တွေမှာ ရေကို ကျွန်တော်တို့ ကာကွယ်ဖို့မဟုတ်ဘဲနဲ့ ရေကို ကျွန်တော်တို့က မိတ်ဆွေလို အကျိုးရှိရှိအသုံးချနိုင်အောင် နိုင်ငံခြားစီမံကိန်း ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးများပြောသွားတဲ့ ဒိန်းမတ်နိုင်ငံ၊ နယ်သာလန်နိုင်ငံ ဒီနိုင်ငံတွေရဲ့ရေပညာရှင်များနဲ့ ဆွေးနွေးပြီးတော့ ယနေ့ကာလ ခြိမ်းခြောက်နေတဲ့ရေကို မိတ်ဆွေအဖြစ်၊ စိုက်ပျိုးရေအဖြစ် ကျွန်တော်တို့ ပြောင်းလဲနိုင်အောင် ဒီတစ်ဖက်ပိတ်ရေကာတာဆည်များကို မြို့နယ်အလိုက် သွယ်တန်းပြီးတော့သာ စီမံဆောင်ရွက်မယ် ဆိုရင်တော့ ကျွန်တော်တို့ ယနေ့လို ခြိမ်းခြောက်နေတဲ့ရေတွေဟာ ကျွန်တော်တို့အတွက် မိတ်ဆွေ၊ စိုက်ပျိုးရေဖြစ်သွားပါမယ်။ ကျွန်တော်တို့ရဲ့ ခြိမ်းခြောက်နေတဲ့ရန်သူဆိုတဲ့ဟာက မရှိတော့ဘဲနဲ့ မိတ်ဆွေတွေလိုဖြစ်သွားပါမယ်။ ဒါကျွန်တော်တို့ရဲ့ နိုင်ငံတော်အစိုးရရဲ့၊ လက်ရှိအစိုးရရဲ့မူနဲ့လည်း အများကြီးသက်ဆိုင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရမှာလည်း ဒီလိုရန်သူဆိုတာမရှိပါဘူး။ မိတ်ဆွေများနဲ့သာ ဖွဲ့စည်းထားပြီးတော့ တိုင်းပြည်ကောင်းအောင်လုပ်နေတဲ့အတွက် ဒီမူဝါဒသာ ကျွန်တော်တို့ လက်တွေ့ရင်ဆိုင်နေရတဲ့ ရေခြိမ်းခြောက်မှုအန္တရာယ်၊ သဘာဝအန္တရာယ်တွေ Challenging တွေကို စိန်ခေါ်ပြီးတော့၊ မိတ်ဆွေဖွဲ့ပြီးတော့ အသုံးချနိုင်မယ်ဆိုရင်လည်း ဒါဟာ ကျွန်တော်တို့အတွက် ရေရှည်မှာ Sustainable ဖြစ်တဲ့၊ နိုင်ငံရဲ့တိုးတက်ကြီးပွားရာကြီးပွားကြောင်း ဖြစ်တဲ့၊ စိုက်ပျိုးရေးထွန်းကားမှာဖြစ်တဲ့ လုပ်ငန်းတွေဖြစ်သွားမှာဖြစ်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော် အကျယ်ချဲ့ဆွေးနွေးရင်းနဲ့ ကျွန်တော်တို့ ဒီနေ့တင်ပြတဲ့၊ ဆွေးနွေးတဲ့အားလုံးအပေါ်မှာ ဒီလက်ရှိအနေအထားအရ တရုတ်နိုင်ငံရဲ့အထောက်အပံ့နဲ့ဆောင်ရွက်ရန် ဆွေးနွေးပြီးတော့ နောင်နှစ်တွေမှာ ခုနက ကျွန်တော်ပြောတဲ့အစီအစဉ်တွေကို နိုင်ငံတော်အကူအညီနဲ့ ဆောင်ရွက်စီမံ သွားမှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့အဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ဖြေကြားရင်းနဲ့နိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်ဖြေရှင်းပေးတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော် ဒီအဆိုကို တင်သွင်းခဲ့တာဟာ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြည်သူများရဲ့စိုးရိမ်ပူပန်မှုများနဲ့ လက်ရှိတည်ဆောက်ထားပြီးသားဖြစ်တဲ့ အခြေခံအဆောက်အဦများ၊ သူတို့ရဲ့လူမှုဘဝ အကျိုးစီးပွားများကို ပျက်စီးမယ့်ဘေးကနေပြီးတော့ လက်ရှိပြည်ထောင်စုအစိုးရကနေပြီးတော့ ကာကွယ်စောင့်ရှောက်ပေးဖို့ရည်ရွယ်ချက်နဲ့ ကျွန်တော် တင်သွင်းခဲ့တာဖြစ်ပါတယ်။ ဒီအဆိုကို ဝိုင်းဝန်းထောက်ခံဆွေးနွေးပေးကြတဲ့ ဒေါက်တာစံရွှေဝင်း၊ ဒေါက်တာစိန်မြအေး၊ ဦးစစ်အေး၊ ဦးစိုးအောင်နိုင်၊ ဦးခင်မောင်လတ်၊ ဦးအုန်းလွင်၊ မန်းရွှေလှကြိုင်၊ ဒေါ်အေးမြမြမျိုး၊ နောက်ပြီးတော့ တပ်မတော်သားကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒုတိယဗိုလ်မှူးကြီးတိုးလွင်၊ ဗိုလ်မှူးရဲနိုင်လွင်၊ ဦးသိန်းထွန်း(သာပေါင်းမဲဆန္ဒနယ်)၊ ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)နှင့် ဦးဘုန်းမြင့်အောင် စတဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အသီးသီးကိုလည်း ဒီနေရာကနေ အထူးလှိုက်လှဲစွာကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီတာတမံများဟာ နှစ်ပေါင်း ၁၅၀ နီးပါးရှိပါပြီ။ အင်္ဂလိပ်လက်ထက်က ရေကြီးနစ်မြုပ်မှုဒဏ်ကနေပြီးတော့ ကာကွယ်နိုင်ဖို့ရယ်၊ မိုးရာသီမှာ လယ်တွေကို စိုက်ပျိုးမြေတွေဖြစ်ထွန်းနိုင်ဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ ဒီတာတမံကြီးကိုတည်ဆောက်ခဲ့တာပါ။ တည်ဆောက်စဉ်ကာလက လေးနှစ်နဲ့အပြီးတည်ဆောက်တယ်လို့ သိရပါတယ်။ အဲဒီတုန်းက ဘာစက်ယန္တရားအကူအညီမှမပါဘဲနဲ့ ကျွန်တော်တို့ ပြည်သူလူထုအင်အားနဲ့တည်ဆောက်တာပါ။ လုပ်အားနဲ့တည်ဆောက်တာပါ။ အဲဒီလုပ်အားကလည်း ကျွန်တော်တို့နိုင်ငံက သူတွေမဟုတ်ဘဲနဲ့ အိန္ဒိယက တာလုပ်သားတွေကိုခေါ်ပြီးတော့ လူလုပ်အားနဲ့ တည်ဆောက်ခဲ့တဲ့၊ စနစ်တကျတည်ဆောက်ခဲ့တဲ့ တာတမံများဖြစ်ပါတယ်။ အဲဒီတော့ မနှစ်က ရေကြီးခဲ့တယ်။ ကျွန်တော်တို့ ကံကောင်းလို့ ဘာမှမဖြစ်ခဲ့တာပါ။ ဒီနှစ်လည်း အခုဒီအချိန်မှာ မနှစ်ကရေထက်ကြီးမယ်လို့ ဆည်မြောင်းပညာရှင်တွေက ကျွန်တော့်ကိုပြောပါတယ်။ ဒီနှစ်လည်း ကျွန်တော်တို့ အင်မတန်မှစိုးရိမ်ထိတ်လန့်စွာနဲ့ ကာကွယ်နေရပါတယ်။ အဲဒီတော့ မကျိုးခဲ့ရင်တော့ ကံကောင်းလို့ဆိုတဲ့ဟာပဲ ကျွန်တော်တို့ပြောရမှာပါ။ အဲဒီတော့ ကံဟာ ကျွန်တော်တို့ အမြဲတမ်းကောင်းမနေနိုင်ပါဘူး။ နောက်တစ်ခါ ဒီရေကြီးနစ်မြုပ်တဲ့ကိစ္စဟာ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာ ဒါသဘာဝဘေးအန္တရာယ်မဟုတ်ပါဘူး။ ထာဝရရင်ဆိုင်နေရတဲ့ဘေးလို ဖြစ်နေပါတယ်။ အဲဒီအတွက်

ခုနက ဝန်ကြီးလာရှင်းပြသွားတဲ့အထဲမှာ ဒီတာတမံနဲ့ပတ်သက်လို့ လက်ရှိအခြေအနေဟာ ကင်ဆာလိုဖြစ်နေတယ်ဆိုတာလည်း ဒါကျွန်တော်တို့အားလုံးသိပါတယ်။ နိုင်ငံတော်အဆင့်အနေနဲ့ ဝန်ကြီးဌာနတွေပေါင်းစပ်ပြီးတော့ ဒီတာတမံကြီးကို ဆောင်ရွက်မယ်လို့ပြောတဲ့အတွက်လည်း အင်မတန်မှ ကျွန်တော် ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ အခု လက်ရှိ ရေခွဲတွေလုပ်နေရတယ်၊ ရေပေါက်တွေလုပ်နေရတယ်၊ တာတွေအပေါ်မှာ သဲအိတ်တွေဆင့်နေရတယ်ဆိုတဲ့ဟာတွေက စောစောကဖြစ်နေတဲ့ကင်ဆာအနာကြီးကို ကျွန်တော်တို့ သက်သာစေဖို့အတွက် ပါရာစီတမောဆေး တိုက်နေတဲ့ပုံစံမျိုးနဲ့ပဲ သွားပြီးတော့ဆင်နေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခုလက်ရှိ ရေအမှတ်အမြင့်ဆုံးကာလမှာ သီးသန့်ပညာရှင်တွေဖွဲ့စည်းပြီးတော့မှ စစ်ဆေးစေကာ သီးသန့်ပညာရှင်ဆိုတဲ့နေရာမှာ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ဆည်မြောင်းဝန်ထမ်းတွေမဟုတ်ဘဲနဲ့ သီးသန့်ပညာရှင်အဖွဲ့တစ်ဖွဲ့ စစ်ဆေးဖို့အတွက်ကို ဖွဲ့စည်းပြီးတော့မှ လက်ရှိရေအမြင့်ဆုံးအမှတ်မှာ ဘယ်နေရာဟာ ရေအမြင့် ရှိသင့်ရှိထိုက်တဲ့အမြင့် မရှိဘူးလဲ။ ဘယ်နေရာမှာ ရှိသင့်ရှိထိုက်တဲ့ တာခြေတွေမရှိဘူးလဲ။ ဘယ်နေရာမှာ ရှိသင့်ရှိထိုက်တဲ့လျှောစောက်တွေ၊ တာခြေထောက်တွေမရှိဘူးလဲဆိုတာကို သေချာစစ်ဆေးပြီးတော့မှ အားအနည်းဆုံး၊ အန္တရာယ်အရှိဆုံးနေရာတွေကို ပြန်လည်တင်ပြစေကာ လာမယ့်ပွင့်လင်းရာသီမှာ ဆောင်ရွက်ပေးဖို့အတွက်ကို၊ နောက်ပြီးတော့ လက်ရှိနိုင်ငံတကာပညာရှင်များနဲ့ နည်းပညာအကူအညီ၊ ငွေရေးကြေးရေးအကူအညီရယူဆောင်ရွက်ပြီးတော့ ဆောင်ရွက်မှုများကို ကျွန်တော်တို့လွှတ်တော်ကြီးကို တင်ပြပြီးတော့မှ လွှတ်တော်ကနေပြီးတော့ မှတ်တမ်းတင်စောင့်ကြည့်သွားဖို့ကို ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဇော်မင်းသိန်းတင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၃ ဦးက ထောက်ခံဆွေးနွေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနက မှတ်တမ်းတင်ထားရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဆိုရှင်ကလည်း ဒီအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်က မှတ်တမ်းတင် စောင့်ကြည့်ရန် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် ဦးဇော်မင်းသိန်းတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဇော်မင်းသိန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၈ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၃း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]